# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## နိဗ္ဗာန်ကမ်းတစ်ဖက်သို့

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက် ၂၀၂၅ ခုနှစ်၊ ဇွန် ၂၂ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၆၄)၊ အမှတ်( ၂၆၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်ရုံအလုပ်ရုံများ၌ ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေး ဆောင်ရွက်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေး

## ပြည်တွင်းမှထုတ်လုပ်ထားသည့် ဆိုလာပြားများအား ပြည်ပမှ တင်သွင်းသည့် ဆိုလာပြားများနှင့် တန်းတူအရည်အသွေးရရှိအောင်ဆောင်ရွက်

နေပြည်တော် ဇွန် ၂၁

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်ရုံအလုပ်ရုံများ၌ ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေး ဆောင်ရွက်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း အီလက်ထရောနစ်ပစ္စည်းနှင့် လျှပ်စစ်မော်တာအလုပ်ရုံ၊ ရွှေကသာ ကုမ္ပဏီလီမိတက်၊ ဆိုလာပြားစက်ရုံသို့ ရောက်ရှိကြရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁ ➡*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း အီလက်ထရောနစ်ပစ္စည်းနှင့် လျှပ်စစ်မော်တာအလုပ်ရုံ ရွှေကသာကုမ္ပဏီလီမိတက် ဆိုလာပြားစက်ရုံ၌ ဆိုလာပြားများထုတ်လုပ်နေမှုအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးစဉ်။


**ယနေ့ သတင်းအညွှန်း**

**လွမ်းမိပါတယ်ရှင် အ.ထ.က(၃) ပြင်ဦးလွင်** ဆောင်းပါး စာ ၁၀

**၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရမည့် Grade 12 ကျောင်းသား ကျောင်းသူများ ဇီဝဗေဒဘာသာရပ်နှင့် ဘောဂဗေဒဘာသာရပ်တို့ကို ဆက်လက်ဖြေဆို** ပြည်တွင်းသတင်း စာ ၁၂

**ကမ္ဘာ့ဘဏ်က သီရိလင်္ကာနိုင်ငံ၏ သန့်ရှင်းသောစွမ်းအင်ကူးပြောင်းရေးအတွက် ကန်ဒေါ်လာ သန်း ၁၅၀ ထောက်ပံ့** နိုင်ငံတကာသတင်း စာ ၁၄

# သတင်းများလွှမ်းမိုးထားသည့်ကမ္ဘာ

လူတို့ပြုလုပ်အပ်သော ကိုယ်အမူအရာ၊ နှုတ်အမူအရာတို့၏ ကောင်းခြင်းဆိုးခြင်းတို့ကို ဖန်တီးသူလက်သည်မှာ လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟ ဟူသော ဟေတုပစ္စည်း ခြောက်ပါးတို့ပင်ဖြစ်သည်။ စိတ်၏ သဘာဝ အလျောက် မွေ့လျော်ကျက်စားလေ့ရှိသော အာရုံတို့ကို အကြောင်းပြု၍ အကုသိုလ်ဟိတ်နှင့် ကုသိုလ်ဟိတ်တို့ ဖြစ်ပေါ်လျက် အကုသိုလ်ကံ၊ ကုသိုလ်ကံတို့ကို လူသားတို့နေ့စဉ်နှင့်အမျှ ပြုလုပ်နေကြခြင်းဖြစ်သည်။

မျက်မှောက်ကာလ ကမ္ဘာတစ်ခုလုံးတွင် လောဘ၊ ဒေါသ၊ မောဟတို့ ဖုံးလွှမ်းကာ လူသားထုတစ်ရပ်လုံး အကုသိုလ်ကံ ကျူးလွန်မှုတို့နှင့် ပြည့်နှက်နေသည်ဟု ထင်မြင်နေကြရသည်။ ကမ္ဘာ့သတင်းစာမျက်နှာများထက်တွင် ဘေးဒုက္ခများ၊ အကျပ်အတည်းများ၊ ပဋိပက္ခများဖုံးလွှမ်းနေသည်။ စစ်ပွဲများ၊ တင်းမာမှုများ၊ ငတ်မွတ်ခေါင်းပါးမှုများ၊ စိုးရိမ်ကြောင့်ကြမှုများ၏ ပုံရိပ်များကို အချိန်နှင့်အမျှ တွေ့မြင်နေကြရသည်။ သတင်းများအရ လူသားတို့ရှင်သန်နေထိုင်ရာကမ္ဘာကြီးသည် စိတ်ချမ်းမြေ့စရာ တစ်ကွက်မှမရှိသော စိတ်ပျက်ဖွယ်ရာ ဂြိုဟ်ကြီးတစ်ခုဖြစ်နေသည်။ သတင်းများမှာ မမှားသော်လည်း သတင်းများ၏ လွှမ်းမိုးမှုကို ခံရခြင်းကြောင့် ကမ္ဘာကြီးတစ်ခုလုံးအပေါ်တွင် အဆိုးမြင်ပြီး ကောက်ချက်ချမှုမှားနိုင်သည်။

စင်စစ်အားဖြင့် ကမ္ဘာပေါ်တွင် တည်ငြိမ်အေးချမ်းခြင်း၊ စိတ်ချမ်းမြေ့ပျော်ရွှင်ခြင်း၊ သာယာဝပြောခြင်းတို့ ပြည့်စုံနေသည့် နေရာဒေသများ၊ တိုင်းနိုင်ငံများ အများအပြားပင်ရှိသည်။ ပစ်ခတ်တိုက်ခိုက်နေသည့်နိုင်ငံ၊ အကျပ်အတည်း ဘေးဒုက္ခကျရောက်နေသည့် နိုင်ငံများထက်ပင် ပို၍များဦးမည်။ သို့ရာတွင် တည်ငြိမ်အေးချမ်းနေခြင်းထက် စစ်မက်ဖြစ်ပွားတိုက်ခိုက်ကြခြင်းကသာလျှင် လူတို့စိတ်ဝင်စားသည့်သတင်းဖြစ်ရာ စစ်ပွဲသတင်းများကိုသာ မီဒီယာအသီးသီးတို့တွင် ဝေဝေဆာဆာ မြင်တွေ့ကြရခြင်းဖြစ်သည်။ ထိုကဲ့သို့သော သတင်းများကို ရေရှည်မြင်တွေ့လာရသည့်အခါတွင် လူတို့၏ စိတ်ပိုင်း၊ ရုပ်ပိုင်းတို့အပေါ် လွှမ်းမိုးရိုက်ခတ်မှုများ ဖြစ်ပေါ်လာရသည်။

မိမိတို့နိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိပြီး စာဖတ်တတ်သူများမှာ လူဦးရေ၏ ထက်ဝက်မကရှိသည်။ သို့ရာတွင် ပြည်တွင်း၌ တာဝန်ယူမှု၊ တာဝန်ခံမှုများ၊ ကျင့်ဝတ်များနှင့်အညီ ထုတ်ဝေ၊ ထုတ်လွှင့်နေကြသည့် မီဒီယာများကို ဖတ်ရှုသူ၊ ကြည့်ရှုသူများမှာ နည်းလွန်းလှသည်။ မီဒီယာအသစ်ဖြစ်သည့် လူမှုကွန်ရက်မီဒီယာတွင်လည်း သတင်းအချက်အလက်ရယူရန်ထက် ဖျော်ဖြေရေးနှင့် လူမှုဆက်ဆံရေးတို့တွင်သာ အများစုက အာရုံစူးစိုက်ကြသည်။ ထို့အပြင် သတင်းအတု၊ သတင်းအမှားများကို စိစစ်ဆင်ခြင်နိုင်ခြင်း အားနည်းလှစွာဖြင့် ကြည့်ရှုလက်ခံကြကာ သတင်းအဆိပ်သင့်မှုများကိုလည်း မကြာခဏတွေ့မြင်နေရသည်။

လူမှုကွန်ရက်မီဒီယာများတွင် တွေ့မြင်နေရသည့် မိမိတို့နိုင်ငံ၏ ပုံရိပ်များမှာ အထက်တွင်ဖော်ပြခဲ့သကဲ့သို့ပင် အားလုံး အမှန်ဟုယူဆ၍ မရနိုင်ဘဲ စိစစ်ကြရန်၊ ဆင်ခြင်တွေးဆကြရန် လိုသည်။ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ကျင့်ဝတ်တို့ ကင်းမဲ့နေသည့်အပြင် ရည်ရွယ်ချက်အမျိုးမျိုးဖြင့် တင်နေကြသည့် အကြောင်းအရာ၊ အချက်အလက်များအပေါ်တွင် စိစစ်ခြင်း မရှိဘဲ တထစ်ချကောက်ချက်ဆွဲပါက မှားယွင်းဖို့ကသာ ဖြစ်နိုင်ခြေ ပို၍များသည်။ သတင်းတု၊ သတင်းမှားများကြောင့် မိမိတို့၏ သန္တာန်တွင် အကုသိုလ်တို့ဖြစ်ပေါ်နိုင်ပြီး မှားယွင်းသည့်ကိုယ်အမူအရာ၊ နှုတ်အမူအရာများ ပြုမူနိုင်ခြင်းကို သတိပြု၍ ဉာဏ်ပညာဖြင့် ထိန်းသိမ်းစောင့်ရှောက်ကြရပါမည့်အကြောင်း။ ။

# ဖူကူအိုကာမြို့၌ကျင်းပမည့် နွေရာသီအပြည်ပြည်ဆိုင်ရာလူငယ်များတွေ့ဆုံပွဲ (၂၀၂၅)သို့

## မြန်မာကျောင်းသားလူငယ်အဖွဲ့ ပါဝင်တက်ရောက်မည်

**နေပြည်တော် ဇွန် ၂၁**

ဂျပန်နိုင်ငံ ဖူကာအိုကာမြို့ အခြေစိုက် အာရှပစိဖိတ်ဒေသ ကလေးများဆိုင်ရာ ကွန်ဗင်းရှင်း (Asian-Pacific Children's Convention – APCC) မှ ဦးစီး၍ နှစ်စဉ် ဇူလိုင်လတွင် ကျင်းပမည့် နွေရာသီ အပြည်ပြည်ဆိုင်ရာ လူငယ်များ တွေ့ဆုံစခန်းချပွဲ (BRIDGE Summer Camp – 2025) သို့ Junior Ambassador အဖြစ် မြန်မာနိုင်ငံမှ ပါဝင်တက်ရောက်ရန် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ခြောက်ဦးအား မြန်မာ-ဂျပန် ချစ်ကြည်ရေးအသင်း ( MJA) မှ ရွေးချယ်ဖွဲ့စည်း လေ့ကျင့်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကျောင်းသားကျောင်းသူများအား Junior Ambassador အဖြစ် ရွေးချယ် အသိအမှတ်ပြုလက်မှတ် ပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော် သင်္ဂဟဟိုတယ်၌ ပြုလုပ်ရာ မြန်မာ – ဂျပန် ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌက ကျောင်းသား ကျောင်းသူများအား အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး ခရီးစဉ်အတွက် အထောက်အကူပြု ပစ္စည်းများ ပေးအပ်ခဲ့သည်။ အခမ်းအနားသို့ မြန်မာ-ဂျပန် ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ဖိတ်ကြားထားသူများ၊ ကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏မိဘများ တက်ရောက်ခဲ့ကြသည်။



အဆိုပါ မြန်မာကျောင်းသားလူငယ်အဖွဲ့သည် ဇူလိုင် ဒုတိယပတ်တွင် ဖူကူအိုကာမြို့သို့ သွားရောက်မည်ဖြစ်ပြီး အာရှပစိဖိတ်ဒေသ ၄၂ နိုင်ငံမှ Junior Ambassador ၁၉၀ နှင့်အတူ ၁၀ ရက်ကြာ စခန်းချနေထိုင်ကြမည်ဖြစ်ကာ ဂျပန်ကျောင်းသားကျောင်းသူများနှင့်အတူ ကျောင်းများအားသွားရောက်လေ့လာတက်ရောက်ခြင်း၊ ဂျပန်ကျောင်းသားကျောင်းသူများ၏ နေအိမ်တွင် Home Stay နေထိုင်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ မြန်မာ့အလင်း

## ၂၁ - ၆ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၈၉၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၂ - ၆ - ၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၆၀ | ၃၀၇၀ | ၃၀၄၀ | ၂၉၇၅ | ၃၀၈၀ | ၃၀၉၅ | ၃၁၁၀ | ၃၀၃၀ | ၄၅၀၅ | ၃၃၂၅ | ၃၀၄၅ | ၃၀၅၀ | ၃၁၂၀ | ၃၀၈၅ | ၃၁၀၅ | ၃၃၆၀ |
| 95 Ron | ၃၀၃၀ | ၃၀၄၅ | ၃၁၁၀ | ၃၀၄၅ | ၃၁၅၀ | ၃၁၆၅ | ၃၁၈၅ | ၃၁၀၅ | ၄၅၆၀ | ၃၃၉၅ | ၃၁၂၀ | ၃၁၂၀ | ၃၁၉၀ | ၃၁၅၅ | ၃၁၈၀ | ၃၄၃၅ |
| HSD (500 ppm) | ၂၅၀၀ | ၂၆၁၅ | ၂၅၈၀ | ၂၅၁၅ | ၂၆၂၀ | ၂၆၃၅ | ၂၆၅၅ | ၂၅၇၀ | - | ၂၈၆၅ | ၂၅၉၀ | ၂၅၉၀ | ၂၆၆၀ | ၂၆၂၅ | ၂၆၅၀ | ၂၉၁၅ |
| HSD (50 ppm) | ၃၁၀၀ | ၃၂၁၅ | ၃၁၈၀ | ၃၁၁၅ | ၃၂၂၀ | ၃၂၃၅ | ၃၂၅၅ | ၃၁၇၀ | ၄၈၃၀ | ၃၄၆၅ | ၃၁၉၀ | ၃၁၉၀ | ၃၂၆၀ | ၃၂၂၅ | ၃၂၅၅ | ၃၅၁၅ |
| HSD (10 ppm) | ၃၁၀၀ | ၃၂၁၅ | ၃၁၈၀ | ၃၁၁၅ | ၃၂၂၀ | ၃၂၃၅ | ၃၂၅၅ | ၃၁၇၀ | - | ၃၄၆၅ | ၃၁၉၀ | ၃၁၉၀ | ၃၂၆၀ | ၃၂၂၅ | ၃၂၅၅ | ၃၅၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၉၀ | ၂၈၈၀ |
| 95 Ron | ၂၈၆၁ | ၂၉၅၂ |
| HSD (500 ppm) | ၂၃၄၇ | ၂၄၂၄ |
| HSD (50 ppm) | ၂၉၂၉ | ၃၀၁၇ |
| HSD (10 ppm) | ၂၉၂၉ | ၃၀၁၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - စိုးစိုးနိုင် | သတင်းထောက်မှူး | - ခင်ရတနာ |
| စာတည်းမှူး | - မြင့်စိုး | အကြီးတန်း | - ကျော်သူဝင်း၊ တင်မောင်လွင်၊ |
| စာတည်းများ | - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | သတင်းထောက်များ | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | |
| စာပြင် | - ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း အီလက်ထရောနစ်ပစ္စည်းနှင့် လျှပ်စစ်မော်တာအလုပ်ရုံ ရွှေကသာကုမ္ပဏီလီမိတက်အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားစဉ်။

❖ မိမိတို့နိုင်ငံအနေဖြင့် ရာသီဥတုသာယာကောင်းမွန်ပြီး နေသာသည့်ရက်များပြားသည့် နိုင်ငံတစ်ခုဖြစ်သဖြင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများကို အားပေးဆောင်ရွက်သွားရမည်

❖ ဆိုလာပြားထုတ်လုပ်ခြင်းအတွက် လိုအပ်သည့် ကုန်ကြမ်းများအား ပြည်တွင်း၌ ထုတ်လုပ်သွားနိုင်ရေး ဆောင်ရွက်ရန်လို၊ ပြည်တွင်း၌ ဆိုလာပြားများကို လုံလောက်စွာထုတ်လုပ်နိုင်ခြင်းဖြင့် ပြည်တွင်းလျှပ်စစ်ဓာတ်အားလိုအပ်ချက်များကို များစွာဖြည့်ဆည်းပေးနိုင်မည်ဖြစ်

❍ ရွှေဖုံးမှ

ထို့နောက် ကုမ္ပဏီအစည်းအဝေးခန်းမ၌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ဝန်ကြီးချုပ်၏ ဆိုလာစွမ်းအင်နှင့်ပတ်သက်သည့် မူဝါဒနှင့် လမ်းညွှန်မှာကြားချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ၊ အီလက်ထရောနစ် ပစ္စည်းနှင့် လျှပ်စစ်မော်တာအလုပ်ရုံဆိုင်ရာ အချက်အလက်များ၊ အမှတ်(၂၄) အကြီးစားစက်ရုံ(ဒဂုံ)၊ ဆိုလာပြားအလုပ်ရုံဆိုင်ရာ အချက်အလက်များ၊ ဆိုလာပြားဈေးကွက်အခြေအနေနှင့် ပြည်ပမှ ဆိုလာပြားများ တင်သွင်းနေရမှုအခြေအနေများ၊ ဆိုလာပြားထုတ်လုပ်မှုနည်းပညာများ၊ ဆိုလာပြားအမျိုးအစားများနှင့် နှိုင်းယှဉ်ချက်များ၊ ဆိုလာပြားများအသုံးပြု၍ နေရောင်ခြည်မှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအခြေအနေများကို လည်းကောင်း၊ ရွှေကသာကုမ္ပဏီလီမိတက် မန်နေးဂျင်းဒါရိုက်တာက ကုမ္ပဏီအနေဖြင့် ဆိုလာပြား ထုတ်လုပ်မှုလုပ်ငန်းများ အဆင့်ဆင့်ဆောင်ရွက်နေမှုအခြေအနေများနှင့် ဆိုလာပြား ထုတ်လုပ်မှုများ နှစ်အလိုက် အဆင့်ဆင့်တိုးတက်လာမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**နည်းပညာများကို**
**မျက်ခြည်မပြတ်လေ့လာ**

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်တွင်းမှထုတ်လုပ်ထားသည့် ဆိုလာပြားများအား ပြည်ပမှ တင်သွင်းသည့် ဆိုလာပြားများနှင့် တန်းတူအရည်အသွေးရရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လာသည့် ဆိုလာထုတ်လုပ်ခြင်းနည်းပညာများကိုလည်း မျက်ခြည်မပြတ်လေ့လာ၍ အဆင့်မြှင့်တင် ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ရာသီဥတု သာယာကောင်းမွန်ပြီး နေသာသည့်ရက် များပြားသည့် နိုင်ငံတစ်ခုဖြစ်သဖြင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများကို အားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုများ တိုးတက်စေရေး မိမိအနေဖြင့် ၂၀၂၂ ခုနှစ်တွင် စတင်ပြောကြားခဲ့ကြောင်း၊ မိမိတို့နိုင်ငံအတွက်လိုအပ်သည့် လျှပ်စစ်ဓာတ်အားများအား နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း လုပ်ငန်းများမှ တစ်ဆင့် အမြန်ဆုံးရရှိနိုင်မည်ဖြစ်ကြောင်း၊ ဆိုလာပြားထုတ်လုပ်ခြင်းအတွက် လိုအပ်သည့် ကုန်ကြမ်းများအား ပြည်တွင်း၌ ထုတ်လုပ်သွားနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ ဥပမာအားဖြင့် ဆီလီကွန်ကဲ့သို့သော ကုန်ကြမ်းများလိုအပ်သဖြင့် ပြည်တွင်း၌ထုတ်လုပ်နိုင်ရေး နည်းလမ်းရှာဖွေ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြည်တွင်း၌ ဆိုလာပြားများကို လုံလောက်စွာထုတ်လုပ်နိုင်ခြင်းဖြင့် ပြည်တွင်းလျှပ်စစ်ဓာတ်အား လိုအပ်ချက်များကို များစွာ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း၊ ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သဖြင့် သဘာဝပတ်ဝန်းကျင်ကိုလည်း မထိခိုက်နိုင်သောကြောင့် အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**လူမှုစီးပွားဘဝများ**
**ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်**

မိမိတို့နိုင်ငံအနေဖြင့် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ပြည်ပမှ လောင်စာဆီများကို တင်သွင်းရလျက်ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံတွင်းရှိ ပြည့်ဖြိုးမြဲစွမ်းအင်များမှ လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ လျှပ်စစ်ဓာတ်အား ဖူလုံပေါများစွာ ရရှိခြင်းဖြင့် လူမှုစီးပွားဘဝများသည်လည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်မှရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုစီမံကိန်းများသည် အချိန်ရယူတည်ဆောက်ရပြီး ငွေကြေးများစွာသုံးစွဲရကြောင်း၊ တည်ဆောက်ချိန် တိုတောင်းသည့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားကို ကိုယ်ပိုင်တစ်ပိုင်တစ်နိုင်သုံးစွဲသည်မှ လုပ်ငန်းများ၊ စက်ရုံများ လည်ပတ်နိုင်သည့် အထိ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ပျမ်းမျှအားဖြင့် ရက်ပေါင်း ၃၀၀ ကျော်ခန့်သည့် အလင်းနှင့် နေရောင်ခြည်ကို ရရှိကြောင်း၊ စက်ရုံ အလုပ်ရုံများ၌ ဆိုလာလျှပ်စစ်ဓာတ်အားများဖြင့် အသုံးပြု၍ ကုန်ထုတ်လုပ်ခြင်းများ ဆောင်ရွက်သွားမည်ဆိုပါက ကုန်ထုတ်လုပ်မှုစရိတ်ကို များစွာလျှော့ချနိုင်ခြင်းကြောင့် အကျိုးအမြတ်များ ပိုမိုရရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းများကို ငွေကြေးတတ်နိုင်သည့် လုပ်ငန်းရှင်များအနေဖြင့် ရင်းနှီးမြှုပ်နှံနိုင်ရေး အားပေးဆောင်ရွက်ရန်လိုကြောင်း၊ ၎င်းလုပ်ငန်းများ ဆောင်ရွက်သူများအတွက် Incentive များ ပေးသွားရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာန အနေဖြင့်လည်း

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တာယာစက်ရုံ(ရွာမ) မော်တော်ဆိုင်ကယ်တာယာနှင့် ကျွတ်ထုတ်လုပ်သည့် အလုပ်ရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာစီးပွားရေးကော်ပိုရေးရှင်း အမှတ်(၃) သံမဏိစက်ရုံ (ရွာမ)၌ လုပ်ငန်းဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၃ မှ*

Small Scale (အိမ်သုံး) မှ Large Scale(စက်ရုံသုံး) အထိ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ မြို့ရွာများ၌လည်း နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းများကို ဆောင်ရွက်ပေးသွားမည်ဆိုပါက လူနေထိုင်မှု အဆင့်အတန်းများ မြင့်မားလာမည်ဖြစ်ကြောင်း၊ ဆိုလာလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းသည် မိမိတို့နိုင်ငံအတွက် များစွာအကျိုးရှိစေမည့် လုပ်ငန်းဖြစ်ကြောင်း၊ ဆိုလာပြားများအား ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်ရန်လိုပြီး ဆိုလာပြားထုတ်လုပ်မှု တိုးတက်ရေးနှင့်ပတ်သက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့က ပူးပေါင်း၍ ဆောင်ရွက်သွားရန် လိုကြောင်း၊ ပြည်တွင်း၌ Solar Panel များအား လုံလောက်စွာ ထုတ်လုပ်သွားကြရန်လိုကြောင်း။

❑ **လျှပ်စစ်နှင့်ပတ်သက်၍ ဝိုင်ယာကြိုးများကိုလည်း ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်နိုင်ရန်လို၊ မိမိတို့နိုင်ငံတွင် ဝိုင်ယာကြိုးပြုလုပ်ရန်အတွက် အခြေခံဖြစ်သည့် ကြေးနီများ လုံလောက်စွာရှိပြီးဖြစ်၊ ထို့ကြောင့် ပြည်တွင်း၌ ဝိုင်ယာကြိုး လုံလောက်စွာ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားကြရမည်**

❑ **ပြည်တွင်း၌ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် သံမဏိများ လိုအပ်လျက်ရှိခြင်းကြောင့် ပြည်တွင်းသံမဏိထုတ်လုပ်ခြင်း လုပ်ငန်းများကို အားပေးရန်လို၊ အရေအတွက်ပြည့်မီရန် လိုအပ်သကဲ့သို့ အရည်အသွေးအရလည်း ပြည့်မီရန်လိုအပ်**

လျှပ်စစ်နှင့် ပတ်သက်၍ ဝိုင်ယာကြိုးများကိုလည်း ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ဝိုင်ယာကြိုး ပြုလုပ်ရန်အတွက် အခြေခံဖြစ်သည့် ကြေးနီများ လုံလောက်စွာ ရှိပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်တွင်း၌ ဝိုင်ယာကြိုး လုံလောက်စွာထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ထံသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စက်ရုံအထိမ်းအမှတ်ဂါရဝပြုလက်ဆောင်ကို ပေးအပ်သည်။

ဆက်လက်၍ ဆိုလာပြားစက်ရုံအတွင်း ဆိုလာပြားများထုတ်လုပ်နေမှု အဆင့်ဆင့်နှင့် ဆိုလာပြားစမ်းသပ်ထုတ်လုပ်ရန် ၂၀၂၁ ခုနှစ်မှစတင်၍ ဈေးကွက်အတွင်းမှ ဝယ်ယူ၍ လေ့လာခဲ့သည့် ဆိုလာပြားများနှင့် ကုမ္ပဏီမှ ထုတ်လုပ်ထားရှိသည့် ဆိုလာပြားများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**တာယာစက်ရုံ(ရွာမ)**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ တာယာစက်ရုံ(ရွာမ) မော်တော်ဆိုင်ကယ် တာယာနှင့် ကျွတ်ထုတ်လုပ်သည့် အလုပ်ရုံသို့ ရောက်ရှိစစ်ဆေးရာ စက်ရုံမှူးနှင့် တာဝန်ရှိသူများက မော်တော်ဆိုင်ကယ်၊ သုံးဘီးမော်တော်ဆိုင်ကယ် တာယာများနှင့်ကျွတ်များ ထုတ်လုပ်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်တွင်းလိုအပ်ချက်များသည့် မော်တော်ဆိုင်ကယ်တာယာများ၊ သုံးဘီးဆိုင်ကယ်တာယာများနှင့် ကျွတ်များကို တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ အရည်အသွေးပြည့်မီကောင်းမွန်ရေး၊ ပြည်တွင်းဈေးကွက် ဖူလုံမှုရှိစေရေးနှင့် ပြည်ပဈေးကွက် ရရှိရေးတို့အတွက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

**အမှတ်(၃)သံမဏိစက်ရုံ(ရွာမ)**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာစီးပွားရေးကော်ပိုရေးရှင်း အမှတ်(၃) သံမဏိစက်ရုံ (ရွာမ) သို့ ရောက်ရှိကြပြီး အစည်းအဝေးခန်းမတွင် ကောင်စီဝင်၊ မြန်မာစီးပွားရေး ကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးညိုစောက စက်ရုံသမိုင်းအကျဉ်း၊ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေ၊ အရည်အသွေးမြင့် သံမဏိများ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်နေမှုနှင့်အရည်အသွေးတိုင်းတာစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိမှု၊ ကုန်ထုတ်လုပ်မှု စွမ်းအားကျဆင်းသည့် ကုန်ထုတ်စက်ကြီးများအား အသစ်ပြန်လည်တပ်ဆင်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေများကိုလည်းကောင်း၊ အမှတ်(၃)သံမဏိစက်ရုံ(ရွာမ) စက်ရုံမှူးကြီးက စက်ရုံဆိုင်ရာအချက်အလက်များ၊ စက်ရုံမှသံမဏိနှင့် ဆက်စပ်ပစ္စည်းများ၊ ဘိုး၊ နတ်များထုတ်လုပ်လျက်ရှိမှု အခြေအနေများ၊ စက်များမှ သံမဏိထုတ်ကုန်များ ထုတ်လုပ်နိုင်မှု စက်စွမ်းအားအခြေအနေများ၊ အရည်အသွေးပြည့်မီသည့် သံမဏိများရရှိရေး စနစ်တကျ ထုတ်လုပ်နေမှုများ၊ ထုတ်လုပ်ထားသည့် Deformed Bar များကို အရည်အသွေးစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ သတ်မှတ်အရည်အသွေးထက် ပိုမိုကောင်းမွန်မှုရှိသည်ကို စစ်ဆေးတွေ့ရှိရမှုနှင့် သံရည်ကျိုလုပ်ငန်းဆောင်ရွက်မှု ဗီဒီယိုမှတ်တမ်းနှင့် စက်ရုံမှထွက်ရှိသည့် HRB–500 Steel Billet များအား ကုန်ထုတ်လုပ်နိုင်ရေး အမှတ်(၁)သံမဏိစက်ရုံ (ကျောက်စွယ်ကျိုး) သို့ လွှဲပြောင်းပေးပို့မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်တွင်း၌ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် သံမဏိများ လိုအပ်လျက်ရှိခြင်းကြောင့် ပြည်တွင်း သံမဏိထုတ်လုပ်ခြင်းလုပ်ငန်းများကို အားပေးရန်လိုကြောင်း၊ အရေအတွက်ပြည့်မီရန် လိုအပ်သကဲ့သို့ အရည်အသွေးအရလည်း ပြည့်မီရန်လိုအပ်ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ စက်ရုံမှ ထွက်ရှိသည့် သံမဏိများနှင့် ပြည်ပနိုင်ငံများမှ ထုတ်လုပ်ထားသည့်သံမဏိများအား အရည်အသွေး နှိုင်းယှဉ်ပြသထားရှိမှုအား ကြည့်ရှုစစ်ဆေးပြီး စက်ရုံအတွင်း လှည့်လည်၍ HRB–500 Steel Billet များ ထုတ်လုပ်နေမှုလုပ်ငန်းစဉ် အဆင့်ဆင့်အား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှတ်(၃) သံမဏိစက်ရုံ(ရွာမ)မှ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ စက်ရုံမှူးကြီးက လက်ခံရယူသည်။

**အမှတ်(၂) သံမဏိစက်ရုံ (မြောင်းတကာ)**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မှော်ဘီမြို့နယ်ရှိ မြန်မာစီးပွားရေးကော်ပိုရေးရှင်း အမှတ်(၂) သံမဏိစက်ရုံ(မြောင်းတကာ) သို့ ရောက်ရှိကြရာ အစည်းအဝေးခန်းမတွင် ကောင်စီဝင်၊ မြန်မာစီးပွားရေး ကော်ပိုရေးရှင်းဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးညိုစောက စက်ရုံသမိုင်းအကျဉ်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ စက်ရုံမှူးကြီးက စက်ရုံဆိုင်ရာအချက်အလက်များ၊ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ စက်ရုံစတင်သည်မှ ယနေ့အထိ ဆောင်ရွက်ပြီးစီးခဲ့သည့် စီမံကိန်းဝင်မြစ်ကူးတံတားကြီးများ၏ မှတ်တမ်းဓာတ်ပုံများနှင့် ဆက်လက်၍လည်း တံတားသံပေါင်များ ထုတ်လုပ်လျက်ရှိမှု၊ ခုံးကျော်တံတားများအတွက် လိုအပ်သည့် သံပေါင်များအား ထုတ်လုပ်ပေးခဲ့မှု၊ လျှပ်စစ်တာဝါတိုင်များနှင့် သွပ်ဆေးတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ တံတားလုပ်ငန်းများအတွက် သံပေါင်များနှင့် ဆက်စပ်ပစ္စည်းများ ဆက်လက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ ဓာတ်အားလိုင်းတာဝါတိုင်များထုတ်လုပ်နေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သံမဏိထုတ်လုပ်ရေးလုပ်ငန်းသည် နိုင်ငံတော်အတွက် မဖြစ်မနေ လိုအပ်သည့်လုပ်ငန်းဖြစ်ပြီး စက်ရုံအနေဖြင့် တာဝါတိုင်များ၊ တံတားသံပေါင်များကို စနစ်တကျဖြင့် ဆက်လက်ထုတ်လုပ်သွားရန်လိုကြောင်း၊ အဓိကအားဖြင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် Deformed Bar များ လိုအပ်သဖြင့် ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရန် လိုကြောင်း၊ ဆောက်လုပ်ရေးသုံး သံမဏိများကို ပြည်ပမှ နှစ်စဉ်ဝယ်ယူနေရပါက နိုင်ငံတော်အတွက် ငွေကြေးကုန်ကျမှု များပြားနေဦးမည်ဖြစ်ကြောင်း၊ ပြည်တွင်း၌

*စာမျက်နှာ ၅ သို့*

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဝမ္ဘဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မှော်ဘီမြို့နယ်ရှိ မြန်မာစီးပွားရေးကော်ပိုရေးရှင်း အမှတ် (၂) သံမဏိစက်ရုံ(မြောင်းတကာ)၌ လုပ်ငန်းဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၄ မှ*

လုံလောက်စွာ ထုတ်လုပ်နိုင်ရန်အတွက် ရှိပြီးဖြစ်သည့် သံအရင်းအမြစ်များကို စနစ်တကျဖြင့် ထုတ်ယူအသုံးချသွားရန်လိုကြောင်း၊ ပထမဦးစားပေးအနေဖြင့် Steel Billet များကို ထုတ်လုပ်သွားနိုင်ရန်လိုပြီး ထိုမှတစ်ဆင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး Deformed Bar များ ထုတ်လုပ်သွားနိုင်ရန် လိုကြောင်း၊ ပြည်တွင်း၌ရှိပြီးဖြစ်သည့် သံမဏိစက်ရုံများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားရန် လိုကြောင်း၊ မန္တလေးလျှောင်ကြီး လှုပ်ခတ်ခဲ့ချိန်တွင်လည်း အချို့ဆောက်လုပ်ရေးလုပ်ငန်းသုံး သံမဏိများမှာ အရည်အသွေး ပြည့်မီမှုမရှိသည်ကို စစ်ဆေးတွေ့ရှိခဲ့ရပြီး မိမိတို့အတွက် သင်ခန်းစာပင်ဖြစ်ကြောင်း၊ ဆောက်လုပ်ရေး လုပ်ငန်းများတွင် ခိုင်ခံ့စွာတည်ဆောက်နိုင်ရေးအတွက် အရည်အသွေးပြည့်မီသည့် ဆောက်လုပ်ရေးသုံးသံမဏိများကို ထုတ်လုပ်သွားနိုင်ရန် လိုကြောင်း မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်း လှည့်လည်၍ တံတားနှင့် သံထည်ထုတ်လုပ်ရေး လုပ်ငန်းခွင်အတွင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားကာ စက်ရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံ Jetty နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် ဘီလီယက်နှင့်စနူကာပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၂၁**

အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် ဘီလီယက်နှင့် စနူကာ အားကစားပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏရှိ ဘီလီယက်နှင့်စနူကာ အားကစားခန်းမ၌ ကျင်းပသည်။



အဆိုပါပြိုင်ပွဲသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ မြန်မာနိုင်ငံ ဘီလီယက်နှင့် စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ခန့်ကျော်၊ ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်များက ဘီလီယက်နှင့်စနူကာအားကစားပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံ ဘီလီယက်နှင့် စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုရအားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် Trophy တို့အား အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အာကာစိုး**

## ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်များ စုပေါင်းစိုက်ပျိုးပွဲ ပြုလုပ်

**ကသာ ဇွန် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့တွင် မိုးရာသီသစ်ပင်များ စုပေါင်းစိုက်ပျိုးခြင်းကို ယနေ့ နံနက် ၇ နာရီခွဲက ကသာမြို့ ပတ္တာမြားရပ်ကွက် စိန်ဂျိုးဇက်ဘုရားကျောင်းဝင်းအတွင်း မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များက စုပေါင်းစိုက်ပျိုးခဲ့သည်။

အဆိုပါ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနတို့က သစ်ပင်ပျိုးပင်များကို ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များကို အသီးသီးပေးအပ်ခဲ့သည်။ ယင်းနောက် တက်ရောက်လာကြသော ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့များက သတ်မှတ်နေရာများ၌ ကျွန်းပင် ၃၀၀၊ ကံ့ကော် ၁၀၀၊ ခရေ ၁၅၀၊ စိန်ပန်း ၁၀၀၊ မဟော်ဂနီ ၅၀၊ ပျဉ်းကတိုး ၃၀၀ စုစုပေါင်း သစ်ပင် ပျိုးပင် ၁၀၀၀ တို့အား စုပေါင်း စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။



**ကျော်စွာထွန်း(ကသာ)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရွှေပြည်စိုက်ပျိုးမွေးမြူရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၁

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ ရွှေပြည်စိုက်ပျိုးမွေးမြူရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။**


ဦးစွာ စိုက်ပျိုးမွေးမြူရေးဇုန်ရှင်းလင်းဆောင်၌ ရွှေပြည်စိုက်ပျိုးမွေးမြူရေးဇုန် တာဝန်ခံက စိုက်ပျိုးမွေးမြူရေးဇုန်အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ဥစားကြက် မွေးမြူရေးဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်တိုးချဲ့မွေးမြူနိုင်ရေးဆောင်ရွက်လျက်ရှိမှု၊ အသားတိုးဝက်မွေးမြူထားရှိမှုနှင့် ဝက်သားပေါက်ထုတ်လုပ်ရေး ဆောင်ရွက်လျက်ရှိမှု၊ အစေ့ထုတ်ပြောင်းစပ်မျိုး စိုက်ပျိုးထုတ်လုပ်ဆောင်ရွက်လျက်ရှိမှု၊ တိရစ္ဆာန်အစာစပ်စက်ရုံတည်ဆောက်နေမှုနှင့် အထွက်တိုးပြောင်းမျိုးစေ့ စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှုတို့ကို ရှင်းလင်းတင်ပြကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရွှေပြည်စိုက်ပျိုးမွေးမြူရေးဇုန်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

## လတ်ဆတ်စွာ ရောင်းချပေးနိုင်ရေး စီမံဆောင်ရွက်ရန်လို

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စိုက်ပျိုးမွေးမြူရေးဇုန်မှ ထွက်ရှိသည့် အသား၊ ငါး၊ ဥအမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက်များကို ဈေးကွက်အတွင်းသို့ လတ်ဆတ်စွာဖြင့် ရောင်းချပေးနိုင်ရေး စနစ်တကျစီမံဆောင်ရွက်သွားရန်လိုကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ စိုက်ပျိုးမွေးမြူရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်နေရခြင်းမှာ တိုင်းဒေသကြီးအတွင်းရှိလူဦးရေ ၇ သန်းကျော်အတွက် နေ့စဉ် အသား၊ ငါး၊ ဥအမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက် စားသုံးမှုလိုအပ်ချက်ကို ပြည့်မီစေရန်ဖြစ်ကြောင်း၊ လူဦးရေ ၇ သန်းကျော်၏ နေ့စဉ်အသားစားသုံးမှုလိုအပ်ချက်ကို စနစ်တကျဖြင့် တွက်ချက်ထားရှိရန်လိုပြီး ဇုန်အလိုက်လိုလားချက်ပြည့်မီအောင် စိုက်ပျိုးမွေးမြူထုတ်လုပ်ပေးနိုင်ရန်လိုကြောင်း၊ ဒေသတွင်း၌



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရွှေပြည်စိုက်ပျိုးမွေးမြူရေးဇုန်အတွင်း ဥစားကြက်များ မွေးမြူထားရှိမှု ကြည့်ရှုစစ်ဆေးစဉ်။



ရွှေပြည်စိုက်ပျိုးမွေးမြူရေးဇုန်အတွင်း Fully automatic စနစ်ဖြင့် ဥစားကြက်များ မွေးမြူထားရှိမှုကို တွေ့ရစဉ်။

အခြေခံစားကုန်များကို ဖူလုံပေါများစွာဖြင့် စိုက်ပျိုးမွေးမြူထုတ်လုပ်ပေးနိုင်မည်ဆိုပါက ကုန်ဈေးနှုန်းကြီးမြင့်မှုများကိုလည်း လျော့ကျသွားစေမည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း နေ့စဉ်စားသုံးမှုအတွက် အသား၊ ငါးနှင့် ဥများလိုအပ်ကြောင်း၊ ထုတ်လုပ်မှုနှင့် စားသုံးမှု မျှတမှသာ သင့်တင့်သည့်ဈေးနှုန်းများဖြစ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အသား၊ ငါးနှင့် ဥများကို ထုတ်လုပ်မှုနှင့် စားသုံးမှုမျှတအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အလားတူ အသီးအနှံများကိုလည်း မိမိတို့တိုင်းဒေသကြီးအတွင်း ပေါများနေအောင် စိုက်ပျိုးရမည်ဖြစ်ကြောင်း၊ မီးဖိုချောင်သုံးသီးနှံများကိုလည်း လုံလောက်စွာ စိုက်ပျိုးထုတ်လုပ်သွားရန်လိုကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း နေထိုင်သည့် ပြည်သူများ ဈေးနှုန်းသင့်တင့်စွာဖြင့် ဝယ်ယူစားသုံးနိုင်ရေး မွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း၊ စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများမှထွက်ရှိသည့် အသား၊ ငါး၊ ဥနှင့် ဟင်းသီးဟင်းရွက်များကို စားသုံးသူများလက်ဝယ်သို့ အမြန်ဆုံးရောက်ရှိစေရေး ဈေးကွက်အတွင်းသို့ အလျင်အမြန်ဖြန့်ဖြူးရောင်းချပေးရန်လိုကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ ပေါပေါသီသီ စားသုံးနိုင်ရေး ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုဆောင်ရွက်ရာတွင် အဓိကအားဖြင့် အထွက်နှုန်းများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရွှေပြည်စိုက်ပျိုးမွေးမြူရေးဇုန် အကွက်ချပုံစံငယ်အားကြည့်ရှု၍ လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားရန်လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

## လမ်းညွှန်မှာကြား

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရွှေပြည်စိုက်ပျိုးမွေးမြူရေးဇုန်အတွင်း လှည့်လည်၍ အအေးပေးစနစ်ဖြင့် အသားတိုးဝက်များ မွေးမြူထားရှိမှု၊ ဥစားကြက်များကို Fully automatic စနစ်ဖြင့် မွေးမြူထားရှိမှုတို့အား ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ၂၀၂၅ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနား ကျင်းပ


လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညာဏ်ထွန်း ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ၌ ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။

**နေပြည်တော် ဇွန် ၂၁**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနသည် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ် ထိန်းသိမ်းနိုင်စေရန်၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပစေရန်၊ သစ်တောပြုန်းတီးမှုမှ ကာကွယ်နိုင်ရန်နှင့် ရာသီဥတု မှန်ကန်မှုရှိစေရန် ရည်ရွယ်၍ ၂၀၂၅ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာန နေပြည်တော်ဗဟိုသင်တန်းကျောင်းဝင်းအတွင်း ကျင်းပရာ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညာဏ်ထွန်း၊ ဒုတိယဝန်ကြီး ဦးအေးကျော်၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာန၊ လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများနှင့် အရာထမ်း/ အမှုထမ်းများ တက်ရောက်ကြပြီး ရတနာတန်းဝင်ကျွန်းပင် ၈၅၀ ကို သတ်မှတ်နေရာများတွင် တစ်ပြိုင်တည်း စိုက်ပျိုးကြသည်။

**၁၁၇၁၅ ပင် စိုက်ပျိုးခဲ့**

အလားတူ ယနေ့တွင် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ဝန်ကြီးဌာနကြီးကြပ်မှု အောက်မှ စီမံကိန်းညွှန်ကြားရေးမှူးရုံးများ၊ စီမံကိန်းမန်နေဂျာရုံးများ၊ မဟာဓာတ်အားလိုင်းမှူးရုံးများ၊ ပင်မဓာတ်အားခွဲရုံများ၊ တည်ဆောက်ရေး ညွှန်ကြားရေးမှူးရုံးများ၊ ဓာတ်အားပေးစက်ရုံများ၊ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးများတွင်လည်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို တစ်ချိန်တည်း တစ်ပြိုင်တည်းကျင်းပ၍ ရတနာတန်းဝင် ကျွန်းပင် ၁၂၈၉ ပင်၊ နှစ်ရှည်သီးနှံပင် ၅၉၂၃ ပင်၊ နှစ်ရှည်ပန်းပင် ၁၄၀၇ ပင်၊ အရိပ်ရလေကာပင် ၂၁၄၆ ပင် စုစုပေါင်း ၁၀၇၆၅ ပင်တို့ကို စိုက်ပျိုးခဲ့ကြကြောင်းနှင့် ယနေ့တွင် ဝန်ကြီးဌာနအနေဖြင့် စုစုပေါင်း ၁၁၇၁၅ ပင် စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် အိုလံပစ်နေ့အထိမ်းအမှတ် Skateboard နှင့် Fixed gear bike စက်ဘီးအားကစားပြိုင်ပွဲ တက်ရောက်

နေပြည်တော် ဇွန် ၂၁

**နေပြည်တော် စိမ်းလန်းစိုပြည်စေရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနိုင်ရေးအတွက် ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် ဒက္ခိဏသီရိမြို့နယ် မာရဝိဇယဘုရားဝင်း၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် ကော်မတီဝင်များ၊ ဌာနဆိုင်များ တက်ရောက်ကြသည်။**

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး သတ်မှတ်နေရာ၌ ကံ့ကော်ပင်ကို စတင်စိုက်ပျိုးပေးကာ တက်ရောက်လာကြသူများက သတ်မှတ်နေရာများ၌ ကံ့ကော်ပင် ၇၃၅ ပင်ကို အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် နေပြည်တော် ရေပန်းဥယျာဉ်၌ ၂၀၂၅ ခုနှစ် ဇွန် ၂၃ ရက်တွင် ကျရောက်မည့် ကမ္ဘာ့အိုလံပစ်နေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ စကိတ်အားကစားအဖွဲ့ချုပ်နှင့် နေပြည်တော် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် Skateboard နှင့် Fixed gear bike စက်ဘီးအားကစားပြိုင်ပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ဇမ္ဗူသီရိမြို့နယ် အမှတ်-၅ အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်-၂၂ အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနများ၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းစွာ ဖြေဆိုနေမှုများကိုလည်းကောင်း၊ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက်ရှိ ဝန်ထမ်းအိမ်ရာများ ပြန်လည်ဆောက်လုပ်မည့် မြေနေရာကိုလည်းကောင်း၊ ပုဗ္ဗသီရိမြို့နယ် မြို့ပတ်လမ်းဘေးသစ်ပင်များ စိုက်ပျိုးထားရှိမှုနှင့် ဆင်သေချောင်းတစ်လျှောက် သီးနှံများစိုက်ပျိုးထားရှိမှုကိုလည်းကောင်း၊ ဥတ္တရသီရိမြို့နယ် ဥတ္တရသီရိဆေးရုံ (ပင်လုံ)၌ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးမှုများအား ဖယ်ရှားရှင်းလင်းဆောင်ရွက်နေမှုကို လည်းကောင်း၊ ရာဇသင်္ဂဟအိမ်ရာ-၂၊ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သော တောင်ကြီးလမ်းပိုင်း ပြန်လည်ပြုပြင်နေမှုနှင့် စက်စက်ယိုချောင်း ပြန်လည်တူးဖော်နေမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**


နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး မြန်မာနိုင်ငံ စကိတ်အားကစားအဖွဲ့ချုပ်နှင့် နေပြည်တော်အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် Skateboard နှင့် Fixed gear bike စက်ဘီးအားကစားပြိုင်ပွဲ၌ အမှာစကားပြောကြားစဉ်။

# နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့များအတွင်း ဈေးကားများဖြင့် ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များအား လှည့်လည်ရောင်းချ

**နေပြည်တော် ဇွန် ၂၁**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါး၊ ငါးပိ၊ အမဲသား၊ ဆိတ်သား၊ ကြက်သား၊ ဝက်သား၊ ကြက်ဥ၊ ဘဲဥ စသည့် ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များအား နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့များအတွင်း ငလျင်ဘေးသင့် ဝန်ထမ်းများနှင့် ပြည်သူများသို့ မတ် ၃၀ ရက်မှစ၍ သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ၈၁ ရက်မြောက်အဖြစ် ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိသည်။



နေပြည်တော်အတွင်း ငလျင်ဘေးသင့် ဝန်ထမ်းများနှင့် ပြည်သူများသို့ ဆန်ခြောက်ပြည်ပါ (မနောသုခ- Export Quality) ငါးအိတ်၊ ဆန် ငါးပြည်ပါ (ဖျာပုံပေါ်ဆန်း) လေးအိတ်၊ ဆား ၄ ပိဿာ ၇၅ ကျပ်သား၊ ကုလားပဲ ၂၀ ကျပ်သားပါအိတ် အထုပ် ၂၀၊ ငါးပိ ၁ ပိဿာ ၂၀ ကျပ်သား၊ ငါးတံခွန် ၁၀ ကျပ်သားပါ လေးထုပ်၊ ငါးပုတ်သင် ၁၀ ကျပ်သားပါ သုံးထုပ်၊ ငါးနီတူခြောက် ၁၀ ကျပ်သားပါ ၅ ထုပ်၊ အာပုံ့ခြောက် ၁၀ ကျပ်သားပါ လေးထုပ်၊ ငါးရောင်ခြောက် ၁၀ ကျပ်သားပါ သုံးထုပ်၊ ကြက်ဥအလုံး ၁၀၀၊ ဘဲဥအလုံး ၂၀၊ ခေါက်ဆွဲခြောက် ငါးထုပ်တို့ကို ရောင်းချပေးခဲ့သည်။

အလားတူ စစ်ကိုင်းမြို့အတွင်း ငလျင်ဘေးသင့် ဝန်ထမ်းများနှင့် ပြည်သူများသို့ ဆန် ၂၄ ပြည်ပါ (ရွှေဝါထွန်း) တစ်အိတ်၊ စားအုန်းဆီ ၇၅ ပိဿာ၊ ဆား ၅ ပိဿာ၊ ကုလားပဲ ၁၀ ဘူး၊ ငါးပိ ၃ ပိဿာ၊ ငါးနီတူခြောက် ၁ ပိဿာ၊ ပုစွန်ခြောက် ၁၀ ကျပ်သားပါ သုံးထုပ်၊ ကြက်ဥ ၇၃ လုံး၊ ဘဲဥ ၂၅ လုံး၊ ကြက်သွန်နီ ၇ ပိဿာနှင့် အသားတု ၁ ပိဿာတို့ကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး မန္တလေးမြို့အတွင်း ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ ဆန် ၂၄ ပြည်ပါ (မနောသုခ) ၁၅ အိတ်၊ စားအုန်းဆီပိဿာ ၂၂၀၀၊ ဆား ၅ ပိဿာ၊ ကုလားပဲ ၂၅ ကျပ်သားပါ ရှစ်ထုပ်၊ ငါးပိ ၁ ပိဿာ ၇၅ ကျပ်သား၊ ငါးနီတူခြောက် ၁၀ ကျပ်သားပါ ရှစ်ထုပ်၊ အာပုံ့ခြောက် ၁၀ ကျပ်သားပါ ၁၀ ထုပ်၊ ကြက်ဥအလုံး ၉၃၀၊ ဘဲဥ ၅၁၃ လုံးနှင့် ခေါက်ဆွဲခြောက် ၆၉ ထုပ်တို့ကို သက်သာသော ဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် နေပြည်တော်၌ စခန်းဝင်လေ့ကျင့်လျက်ရှိသော အားကစားအဖွဲ့များ၏ လေ့ကျင့်နေမှု လိုက်လံကြည့်ရှုအားပေး

နေပြည်တော် ဇွန် ၂၁

**အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးထိန်လင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် နေပြည်တော်၌ စခန်းဝင်လေ့ကျင့်လျက်ရှိသော အားကစားအဖွဲ့များ၏ လေ့ကျင့်နေမှုများကို လိုက်လံကြည့်ရှု အားပေးသည်။**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပီတန်း အားကစားနည်းမှ ပဏာမလက်ရွေးစင် အားကစားသမားများနှင့် လူငယ်အားကစားသမားများ၏ လေ့ကျင့်နေမှုများကိုလည်းကောင်း၊ ဝဏ္ဏသိဒ္ဓိ အားကစားကွင်းအတွင်းရှိ အလေးမလေ့ကျင့်ရေးရုံ၌ ပဏာမလက်ရွေးစင်အားကစားသမားများနှင့် လူငယ်အားကစားသမားများ၏ လေ့ကျင့်နေမှုများကိုလည်းကောင်း၊ လက်ဝှေ့လေ့ကျင့်ရေးရုံတွင် ပဏာမလက်ရွေးစင် လက်ဝှေ့အားကစားသမားများ၏ လေ့ကျင့်နေမှုများကိုလည်းကောင်း လိုက်လံကြည့်ရှုအားပေးကာ အုပ်ချုပ်သူများနှင့် နည်းပြများအား အားကစားနည်းအလိုက် နည်းစနစ်ပိုင်းများကို လေ့ကျင့်အပြီး ကုန်ခန်းသွားသည့် အားအင်များကို ပြန်လည်ဖြည့်တင်းပေးရန်နှင့် လိုအပ်သည့်အာဟာရ ပြန်ပြည့်ဝအောင် ကျွေးမွေးသင့်သည့် အစားအစာများ၊ ဓာတ်ဆားရည်/ အားဖြည့်ဖျော်ရည်များနှင့် တိုက်ကျွေးရန် လိုအပ်မည့် အားဆေးအမျိုးအစားများကို (Sports Nutration) နှင့်အညီ သတ်မှတ်ကယ်လိုရီအတိုင်း ကျွေးမွေးနိုင်စေရေးအတွက် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ဆရာဝန်များနှင့် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပြီး ပြန်လည်တင်ပြရန် ကိစ္စရပ်များကိုလည်းကောင်း၊ အားကစားသမားများ ထိခိုက်ဒဏ်ရာရရှိမှုမရှိစေရေး၊ လေ့ကျင့်မှုမတိုင်မီနှင့် လေ့ကျင့်မှုပြီးဆုံးချိန်များတွင် သွေးပူလေ့ကျင့်ခန်းနှင့် အကြောလျှော့လေ့ကျင့်ခန်းများကို ထိထိရောက်ရောက် ပြုလုပ်စေရေးနှင့် အားကစားနည်းအလိုက် လိုအပ်သည့် လေ့ကျင့်ရေးအသုံးအဆောင်များနှင့် အထောက်အကူပြုပစ္စည်းများကို ဖြည့်ဆည်းပေးနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ဇေယျာသီရိမြို့နယ်၌ သွားနှင့်ခံတွင်း အခမဲ့ကုသပေး

နေပြည်တော် ဇွန် ၂၁

နေပြည်တော် ဇေယျာသီရိမြို့နယ် ဓမ္မရိပ်သာ၌ သဲဖြူမဟာမြင့် ချောင်းဖျားတောရ အနီးဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူများအား သွားနှင့်ခံတွင်း အခမဲ့စစ်ဆေးကုသပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန အောက်ရှိ နေပြည်တော် သွားနှင့်ခံတွင်း အထူးကုဆေးရုံကြီးမှ ဆရာဝန်ကြီးများက လာရောက်ဆောင်ရွက်ပေးသည်။



ဦးစွာ နေပြည်တော် သွားနှင့်ခံတွင်း အထူးကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီး ဒေါက်တာခင်မောင် ဦးဆောင်သည့် သွားနှင့်ခံတွင်း ဆရာဝန်များ၊ အထွေထွေရောဂါကုဆရာဝန်များက ပြည်သူများအား သွားနှင့်ခံတွင်း မြှင့်တင်ရေး အသိပညာပေးခြင်း၊ စနစ်မှန်သွားတိုက်နည်း သင်ကြားပြသခြင်းနှင့် အတူတကွ သွားတိုက်ခြင်း၊ သွားနှင့်ခံတွင်းရောဂါများအား လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးရာတွင် သွားနှင့်ခံတွင်း ကုသမှုခံယူသူ ၁၄၅ ဦး၊ အထွေထွေရောဂါ ကုသမှုခံယူသူ ၂၇ ဦး စုစုပေါင်း ၁၇၂ ဦးတို့ကို အခမဲ့စစ်ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မောင်တီတာ

## ညောင်လေးပင်မြို့၌ နိုင်ငံသားစိစစ်ရေးကတ်များနှင့် Biometric ကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်

ညောင်လေးပင် ဇွန် ၂၁

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ညောင်လေးပင်မြို့နယ်ဦးစီးမှူးရုံးက မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများအတွင်း နိုင်ငံသားစိစစ်ရေးကတ်များနှင့် Biometric ကောက်ယူခြင်းလုပ်ငန်းများ မပြုလုပ်ရသေးသော မိဘပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအားခေါ်ယူ၍ ပန်းခင်းစီမံချက်အဆင့် (၃)ဖြင့် ယနေ့နံနက်ပိုင်းက စတင်၍ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ညောင်လေးပင်မြို့နယ် ဝဲဝန်းကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ဒုတိယလဝကမှူး ဒေါ်အေးအေးဝင်း ဦးဆောင်ကာ ကွင်းဆင်းအဖွဲ့လေးဖွဲ့ဖြင့် ညောင်လေးပင်မြို့ရှိ မြို့ပေါ်ရပ်ကွက်များနှင့် ဝဲဝန်းကျေးရွာအုပ်စုများအတွင်း မိဘပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်များနှင့် Biometric ကောက်ယူခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နီနီဝင်း (ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်အတွင်းရှိ အမှတ်(၄)ခရိုင်ပတ်လမ်း(မြင်ခြံကုန်း-ခံတက္ကုန်း-နှမ်းခင်း-ရွှေစေတီလမ်း)ကတ္တရာခင်းခြင်းဆောင်ရွက်နေမှုအား ဇွန် ၂၁ ရက်က မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်းနှင့် ခရိုင်၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာများ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။

သီတာအောင်(မြစ်သား)



## မြောင်းမြမြို့နယ်၌ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းဆေးကုသ

မြောင်းမြ ဇွန် ၂၁

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်၌ ရေကျော်ကျေးလက်ကျန်းမာရေးဌာန၌ ယနေ့နံနက်ပိုင်းက ကျန်းမာဝန်ကြီးဌာန၏ ညွှန်ကြားမှု၊ ဧရာဝတီတိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူး ဒေါက်တာသီဟ၏ အနီးကပ်ကြီးကြပ်ပံ့ပိုးမှုဖြင့် မြောင်းမြပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဇော်မင်းသိုက်က ဦးဆောင်၍ အထွေထွေရောဂါကုဆရာဝန်ကြီး၊ ခွဲစိတ်အထူးကု ဆရာဝန်ကြီး၊ သွားဘက်ဆိုင်ရာအထူးကု ဆရာဝန်နှင့် နား/ နှာခေါင်း/ လည်ချောင်း အထူးကုဆရာဝန်တို့ပါဝင်သည့် အထူးကုသရေးအဖွဲ့သည် ရေကျော် ကျေးလက်ကျန်းမာရေးဌာနနှင့် ဆက်စပ်နယ်မြေများမှ ဒေသခံပြည်သူများအား ကွင်းဆင်းဆေးကုသမှုများ ဆောင်ရွက်ပေးသည်။



အဆိုပါဆေးကုသမှုအစီအစဉ်တွင် အထွေထွေရောဂါလူနာ ၂၀၊ ခွဲစိတ်ရောဂါလူနာ ၁၆ ဦး၊ သားဖွားမီးယပ်လူနာ ၂၅ ဦး၊ ကလေးရောဂါလူနာ ၆၂ ဦး၊ အရိုးနှင့် ထိခိုက်ဒဏ်ရာ ၁၆၀၊ မျက်စိလူနာ ၇၀၊ နား၊ နှာခေါင်း လည်ချောင်းလူနာ ၂၂ ဦး၊ အရေပြားဆိုင်ရာလူနာ ၂၀၊ သွားဘက်ဆိုင်ရာ လူနာ ၅၄ ဦးနှင့် ကိုယ်အင်္ဂါ လူနာ ပြန်လည်သန်စွမ်းရေး လူနာ ၂၆ ဦးတို့ကို ကြည့်ရှုကုသပေးခဲ့ပြီး လူနာ ၂၁ ဦးအား ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုများ ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဇေယျာ(မြောင်းမြ)

## ချင်းတွင်းမြစ်ရေနှင့် ပဲခူးမြစ်ရေ ဟုမ္မလင်းမြို့နှင့် ပဲခူးမြို့တို့၌ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

နေပြည်တော် ဇွန် ၂၁

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ငါးပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ငါးပေကျော်တွင် ရောက်ရှိနေသည်။

အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟုမ္မလင်းမြို့နယ်နှင့် ပဲခူးမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရွှေ့ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဆဋ္ဌမနေ့ ဇီဝဗေဒဘာသာရပ်နှင့်ဘောဂဗေဒဘာသာရပ်ဖြေဆိုနေမှု လှည့်လည်ကြည့်ရှုအားပေး



**နေပြည်တော် ဇွန် ၂၁**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေသည် ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်းခွဲစာစစ်ဌာန၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ နောက်ဆုံးနေ့ ဇီဝဗေဒဘာသာရပ်နှင့် ဘောဂဗေဒဘာသာရပ်ကို ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ကျ စာမေးပွဲကြီးကြပ်ရေးမှူးနှင့် လက်ထောက်ကြီးကြပ်ရေးမှူး ဆရာဆရာမများ စာမေးပွဲစည်းမျဉ်းစည်းကမ်းနှင့်အညီ စနစ်တကျဆောင်ရွက်နေမှုများနှင့် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် ဇမ္ဗူသီရိမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းခွဲ(အ.လ.က-၃)နှင့် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနများ၌ ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ အေးချမ်းစွာဖြေဆိုနေမှုနှင့် ကျောင်းအတွင်း လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယနေ့ကျင်းပသည့် စာမေးပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ စာစစ်ဌာန စုစုပေါင်း ၄၇ ခု၌ စာမေးပွဲဖြေဆိုရန် စာရင်းရှိဦးရေ စုစုပေါင်း ၁၂၅၃၁ ဦးရှိပြီး ဖြေဆိုသူ ၁၂၄၀၆ ဦးရှိသဖြင့် ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၀၀ ရာခိုင်နှုန်း ဖြေဆိုကြသည်။

တက္ကသိုလ်ဝင်စာမေးပွဲ ဆဋ္ဌမနေ့ ဇီဝဗေဒဘာသာရပ်နှင့် ဘောဂဗေဒဘာသာရပ်ကို နေပြည်တော်ကောင်စီနယ်မြေ၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးရှိ ၂၉ ခရိုင်၊ ၅၈ မြို့နယ်တို့တွင် စာစစ်ဌာနစုစုပေါင်း ၁၉၅ ခုတို့၌ စာမေးပွဲဖြေဆိုရန် စာရင်းရှိဦးရေ ၆၃၆၇၃ ဦးရှိပြီး ဖြေဆိုသူ ၆၂၇၈၈ ဦးရှိသဖြင့် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသ ၆၁ ရာခိုင်နှုန်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရှမ်းပြည်နယ်ဝန်ကြီးချုပ် မြန်မာနိုင်ငံအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သွေးလှူဒါန်းနေမှု ကြည့်ရှုအားပေး



**တောင်ကြီး ဇွန် ၂၁**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ ညနေပိုင်းက တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံအထူးကုသဆောင် ပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးကာ ခာတ်ရောင်ခြည်ဌာန အဆောက်အအုံကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စဝ်စံထွန်းဆေးရုံ အစည်းအဝေးခန်းမ၌ ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်ကြီးပညာရေးဒီဂရီကောလိပ်မှကျောင်းသား ကျောင်းသူများ လာရောက်သွေးလှူဒါန်းနေမှုကို ကြည့်ရှုအားပေးကာ သွေးလှူဒါန်းပေးကြသော ကျောင်းသား ကျောင်းသူများအား အာဟာရပြည့်စားသောက်ဖွယ်ရာများနှင့် အားဆေးများ ပေးအပ်သည်။

ယမန်နေ့ကလည်း ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး၊ ရှမ်းပြည်နယ်အမျိုးသမီးကော်မတီ နာယကနှင့် တာဝန်ရှိသူများသည် ဇူလိုင် ၃ ရက်တွင်ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်ကြီးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဒေါ်ခင်သိန်းခန်းမနှင့် တောင်ကြီးတက္ကသိုလ်တို့၌ ကျင်းပသည့် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်အဆင့် ဆောင်းပါးပြိုင်ပွဲတို့တွင် ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်နေမှုနှင့် အမျိုးသမီးနှင့် ကလေးဆေးရုံကြီး၌ လာရောက်သွေးလှူဒါန်းနေမှုကို ကြည့်ရှုအားပေးပြီး သွေးအလှူရှင်များကို အာဟာရပြည့်အစားအစာများ၊ အားဆေးများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

## စပါးမျိုးသစ်များ မွေးမြူရွေးချယ်ထုတ်လုပ်ခြင်းဆိုင်ရာ အခြေခံနည်းလမ်းများခေါင်းစဉ်ဖြင့် တောင်သူနည်းပညာဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇွန် ၂၁**

(၇၂) ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော် ရေဆင်းရှိ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးသင်တန်းကျောင်း AERDTC ခန်းမ၌ "စပါးမျိုးသစ်များ မွေးမြူရွေးချယ်ထုတ်လုပ်ခြင်းဆိုင်ရာ အခြေခံနည်းလမ်းများ" ခေါင်းစဉ်ဖြင့် ဆွေးနွေးကြကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က မျိုးဆက်သစ်စိုက်ပျိုးရေး ပညာရှင်များအနေဖြင့် တောင်သူများ၏ လက်တွေ့မြေပြင် အခြေအနေမှန်ကိုသိရှိပြီး စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးအတွက် ထိရောက်စွာကူညီပေးနိုင်ရေး ကြိုးပမ်းသွားကြရန်လိုအပ်ချက်များ၊ တောင်သူများ ပူးပေါင်းပါဝင်သော မျိုးစေ့ထုတ်လုပ်ငန်းများ တည်ထောင်နိုင်ရေး ကြိုးပမ်းရန်နှင့် မိမိတို့ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ပညာရှင်များပါဝင်သော တောင်သူများ ပူးပေါင်းပါဝင်သည့် စပါးအထွက်နှုန်းကွာခြားမှုကို တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီး၏ စပါးစိုက်ပျိုးရာ ဂေဟစနစ်တိုင်းတွင် နမူနာယူ၍ တောင်သူတစ်ဦးချင်း ဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးသုတေသနဦးစီးဌာန စပါးသီးနှံသုတေသနဗဟိုဌာနမှ ဒေါက်တာစန္ဒာမိုးက "စပါးမျိုးသစ်များ မွေးမြူရွေးချယ် ထုတ်လုပ်ခြင်းဆိုင်ရာ အခြေခံနည်းလမ်းများ" ခေါင်းစဉ်ဖြင့် ရေရှည်တည်တံ့သော စပါးစိုက်ပျိုးထုတ်လုပ်မှုအတွက် စပါးမျိုးများ၏ အရေးပါမှုအခန်းကဏ္ဍ၊ စပါးမျိုးမွေးမြူလုပ်ငန်း၏ အရေးပါမှု၊ စပါးမျိုးမွေးမြူထုတ်လုပ်ပုံအဆင့်ဆင့်၊ လာအိုနိုင်ငံ၏တောင်သူ ပူးပေါင်းပါဝင်သော မျိုးမွေးမြူရွေးချယ်ခြင်း၏ အောင်မြင်မှုရလဒ်များ၊ မြန်မာနိုင်ငံတွင် လက်ရှိ တောင်သူ ပူးပေါင်းပါဝင်သော မျိုးမွေးမြူရွေးချယ်ခြင်း ဆောင်ရွက်နေမှုများကို ဆွေးနွေးသည်။

ဆွေးနွေးချက်အပေါ် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်မိုးမျိုးတင့်က ဖြည့်စွက်ဆွေးနွေးပြီး စပါးမျိုးရွေးချယ်ရာတွင် အခြေခံရွေးချယ်လိုအပ်သည့် လက္ခဏာများနှင့် စပ်လျဉ်း၍ စစ်ကိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးများမှ တောင်သူများက သဘောထားမှတ်ချက်များ တင်ပြဆွေးနွေးခဲ့ကြသည်။

ယနေ့ကျင်းပသည့် (၇၂)ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲသို့ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် မွေးမြူရေးသုတေသနဦးစီးဌာနတို့မှ ပညာရှင်များ၊ စိုက်ပျိုးရေးတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဇမ္ဗူသီရိမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်တို့မှ တောင်သူ ၄၀ တို့တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်များမှ ပညာရှင်နှင့် တောင်သူ ၁၂၄ ဦးတို့က Zoom point ၁၀၀ မှ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



### မိုးရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် မိုးသီးကြွေခြင်းများ ဖြစ်ပေါ်နိုင်

**နေပြည်တော် ဇွန် ၂၁** – မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန် ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီ တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးပိုလာမည်။

**မိုး/ဇလ**

တောတောင် ခြောက်ခန်း၊ လယ်ယာနွမ်း၏

# လွမ်းမိပါတယ်ရှင် အ.ထ.က(၃) ပြင်ဦးလွင်

**ရွှေစင်မိုးဥ**

နိုင်ငံတော်အကြီးအကဲ ၂၀၂၅ ခုနှစ် ဇွန်လ ၁၁ ရက်နေ့က ပြင်လွင်ဦးမြို့ ခရီးစဉ်မှာ သွားရောက်ခဲ့တဲ့ နေရာလေးတစ်ခု။ အဲဒီနေရာက ပြင်ဦးလွင်မြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းပါ။ ဒီသတင်းကို နားထောင်လို့အပြီးမှာ ကျွန်မရဲ့ စိတ်အစဉ်ဟာ လွန်ခဲ့တဲ့ ၁၉၇၅ ခုနှစ်ကာလက အဲဒီကျောင်းမှာ ပညာသင်ကြားခဲ့တဲ့ ပုံရိပ်တွေဆီ လွင့်ပါရောက်ရှိသွားခဲ့ပါတယ်။ ဖခင်တာဝန်ကျရာ နေရာဒေသအသီးသီးကို လိုက်ပါပြောင်းရွှေ့ခဲ့ရတဲ့ မြို့တွေအနက် ကျွန်မ မှတ်မှတ်ထင်ထင် ရှိခဲ့တဲ့၊ ဇာတိချက်ကြွေ မွေးရပ်မြေလို့ မှတ်ထင်ထားတဲ့ မေမြို့ သို့မဟုတ် ပြင်ဦးလွင်ကိုတော့ ကျွန်မ တစ်သက်ဘယ်တော့မှ မေ့နိုင်မယ်မထင်ပါဘူး ။

မိမိဒေသကို ချစ်မြတ်နိုးပြီး အဲဒီဒေသမှာ မွေးဖွားခဲ့တဲ့၊ အသက်အရွယ်ကြီးမြင့်စွာ ရှိနေကြတဲ့ ဒေသခံများနဲ့ Elder အဖွဲ့ ဖွဲ့စည်းပြီး ဒေသရဲ့ အစဉ်အလာနဲ့ ဂုဏ်သတင်းတွေကို ဆက်လက်ထိန်းသိမ်းသွားဖို့နဲ့ ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်တာတွေကို အကြံပြုပေးပါလို့ ပြင်ဦးလွင်ခရီးစဉ်မှာ မှာကြားခဲ့တဲ့ နိုင်ငံတော်အကြီးအကဲရဲ့ စေတနာကို တွေ့မြင်ခဲ့ရပါတယ်။

ဖခင်တာဝန်ကျရာ နေရာတွေကို လိုက်ပါနေထိုင်ရတဲ့ ကျွန်မတို့လို တပ်မတော်သား သားသမီးတွေဘဝက ဇာတိမြေဆိုတာ သတ်သတ်မှတ်မှတ် မရှိခဲ့ပါဘူး။ ဒါပေမယ့်လည်း အချိန်အတော်ကြာ နေထိုင်ခဲ့ရတဲ့ဒေသကိုတော့ ကိုယ့်မွေးရပ်ဇာတိလို တွယ်တာခုံမင်ခဲ့ကြပါတယ်။ ဖခင်တာဝန်ကျရာ ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်မှာ ၁၁ နှစ်ကြာ နေထိုင်ခဲ့ရတော့ ပြင်ဦးလွင်ဟာ ကျွန်မတို့ နှစ်သက်တွယ်တာသံယောဇဉ်ဖြစ်ခဲ့ရတဲ့ ဇာတိမြေဆိုလည်း မှားမယ်မထင်ပါဘူး ။

မေမြို့ သို့မဟုတ် ပြင်ဦးလွင်ဟာ ချယ်ရီမြို့တော်၊ ပန်းမြို့တော်၊ ကော်ဖီမြို့တော်၊ ပညာရေးမြို့တော်၊ ကျန်းမာရေးမြို့တော် စသည်ဖြင့် အမည်နာမမျိုးစုံနဲ့ လှပတင့်တယ်စွာရှိနေတဲ့ အေးချမ်းလှတဲ့ တောင်ပေါ်မြို့လေးတစ်ခုပါ။ ဒီမြို့လေးရဲ့ အ.ထ.က(၃)မှာ ကျွန်မတို့ ညီအစ်မတစ်တွေ ပညာရည်နို့ သောက်စို့ခဲ့ကြတာ ဖြစ်ပါတယ်။ ယခင်ကတော့ မိန်းကလေးကျောင်းဖြစ်ပြီး ကျောင်းအိပ်၊ ကျောင်းစား မိန်းကလေးဘော်ဒါဆောင်ရှိလို့ ပြင်ဦးလွင်နဲ့ နီးစပ်ရာဒေသတွေက တိုင်းရင်းသားသွေးချင်း ညီအစ်မတွေဟာ ဒီကျောင်းတော်ကြီးမှာ အတူတကွ ပညာသင်ကြားခဲ့တာကြောင့် ပြည်ထောင်စုစိတ်ဓာတ် ကိန်းအောင်းခဲ့ကြပါတယ်။

မိမိမှတ်မိသလောက် ၁၉၇၈ ခုနှစ် လောက်မှာတော့ မိန်းကလေး၊ ယောကျ်ားလေး ရောလိုက်ပြီး ဘော်ဒါလည်း လက်မခံတော့ပါဘူး။ ဒီကျောင်းတော်ကြီးမှာ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေဖို့၊ အိမ်တွင်းမှုအချိန်၊ ကာယအချိန်၊ ပြင်ပ ဗဟုသုတတွေရစေဖို့ အဖွဲ့လိုက် ပတ်ဝန်းကျင်ရှိလေ့လာစရာနေရာတွေကို ပို့ဆောင်ပေးပြီး အချင်းချင်း ပူးပေါင်းဆောင်ရွက်တတ်စေဖို့ ဆောင်ရွက်ပေးခဲ့တာတွေကို ပြန်လည်အမှတ်ရနေမိပါတယ်။ **“ကျောင်းနေပျော်၍ စာတော်ရမည်”** ဆိုတဲ့ဆောင်ပုဒ်နဲ့အညီ သုတ၊ ရသ၊ ဗဟုသုတများစွာကို မျှဝေပေးနေတဲ့ ကျွန်မတို့ရဲ့ ကျောင်းတော်ကြီးရဲ့ အလံတိုင်ရှေ့မှာ နေ့စဉ်နိုင်ငံတော်အလံ အလေးပြုမှုနဲ့အတူ ကျောင်းသီချင်းကို သံပြိုင်သီဆိုခဲ့ကြတာကို အမှတ်ထင်ထင် ရှိနေခဲ့ပါတယ်။ ဒီကျောင်းသီချင်းရဲ့ ဖန်တီးရှင်ကတော့ ဆရာကြီး ဦးအောင်သင်းဖြစ်ပါတယ်။ စစ်တက္ကသိုလ်မှာ မြန်မာစာကထိက တာဝန်ထမ်းဆောင်စဉ် အ.ထ.က(၃) အတွက် ရေးသားစပ်ဆိုပေးခဲ့တဲ့ ကျောင်းသီချင်းတစ်ပုဒ် ဖြစ်ပါတယ်။

ကျွန်မတို့ရဲ့ သိပ္ပံဆရာ မာဂရက်ဘသောင်းကသူ့ရဲ့ အကော်ဒီယံနဲ့ သံစဉ်ရှာဖွေလို့ စာသားနဲ့လိုက်ဖက်အောင် ပုံဖော်ပေးခဲ့တဲ့ တေးသွားနဲ့အတူ ကျွန်မတို့ ကျောင်းသား ကျောင်းသူတွေအားလုံး သံပြိုင်သီဆိုခဲ့ကြတာတွေကို အတူတကွ ပညာဆည်းပူးခဲ့ကြတဲ့ သူငယ်ချင်း ရောင်းရင်းမိတ်ဆွေတွေ၊ စီနီယာအစ်ကိုတွေ၊ အစ်မတွေ၊ မောင်ငယ်ညီမငယ်တွေ ပြန်လည်အမှတ်ရစေဖို့ ဖော်ပြလိုက်ပါတယ် ။

**အ.ထ.က(၃)၊ ပြင်ဦးလွင် ကျောင်းသီချင်း**

စိမ်းနီပြာ အဝါလွှမ်းတဲ့ ပန်းဥယျာဉ်သို့အညီ x x x x x x အမုံရင့်လွှာ ညှာတံချီ x x x x x x အဟုန်းပြင်းစွာပွင့်ရာ မြေမှန်သည် x x x x x x အော် ဆရာများရဲ့ စွမ်းအားညီ x x x x x x ဂါရဝတရားနဲ့ အားထားသည် x x x x x x အမှတ်(၃) ကျောင်းဂုဏ်ရည် x x x x x x မိဘတွေပါပေါင်း x x x x x x အောင်ကြောင်းစိတ်ညီ x x x x x x ဒို့တစ်တွေ ဦးဆောင်မည် x x x x x x စည်းကမ်းရှိရှိ တာဝန်သိသည် x x x x x x ကျောင်းဂုဏ်ကို ထိန်းသိမ်းမြှင့်ရမည် x x x x x x

ပညာဟူသည် မြတ်ရွှေအိုး x x x x x x ဆိုရိုးရှိခဲ့သည် x x x x x x ဝိဇ္ဇာသိပ္ပံစွယ်စုံညီ x x x x x x သဲသဲမဲမဲဆည်းပူးမည် စိတ်လည်းကြံ့ခိုင် ကိုယ်လည်းကြံ့ခိုင် x x x x x x ပိုင်ပိုင်နိုင်နိုင်တက်လှမ်းမည် x x x x x x ဟော့တက်လှမ်းမည် အားကစားမှာလည်း ယှဉ်မယ်ပြိုင်မယ်ဒွဲ ဖွံ့ဖြိုးရေးကို တူတူနွဲ့ တက်ညီလက်ညီ x x x x x x ဟင် .... အားကစားမှာလည်း x x x x x x ယှဉ်မယ်ပြိုင်မယ်ဒွဲ x x x x x x ဖွံ့ဖြိုးရေးကို တူတူနွဲ့ တက်ညီလက်ညီ x x x x x x တစ်သွေးထဲ တစ်သားထဲ မိသားစုစိတ်ဓာတ်မပြတ်သုံး အမြတ်ဆုံး အမှတ်(၃) ယုံယုံကြည်ကြည် x x x x x x x x

ကျောင်းကို ရောက်ရှိစဉ် နိုင်ငံတော်အကြီးအကဲရဲ့ ဆရာ ဆရာမတွေနဲ့ ကျောင်းသား ကျောင်းသူတွေအပေါ် ထားရှိတဲ့စေတနာကို ဆရာ ဆရာမတွေနဲ့ တွေ့ဆုံမှာကြားခဲ့တဲ့အချက်တွေက သက်သေပြလျက်ရှိပါတယ်။ အဲဒါတွေကတော့ “အမျိုးသားစည်းကမ်းအစ စာသင်ကျောင်း ဟူသည့် ဆောင်ပုဒ်နှင့်အညီ အနာဂတ်နိုင်ငံတော်အတွက် စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်သည့် ပညာတတ် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရမည်။ ငယ်စဉ်ကလေးဘဝကတည်းက စနစ်တကျဖြင့် နေထိုင်သွားလာတတ်စေရေး၊ သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ လိမ္မာယဉ်ကျေးမှုရှိစေရေး သင်ကြားလေ့ကျင့်ပေးမှသာလျှင် အနာဂတ်ဘဝလမ်းတစ်လျှောက်၌ သာယာကောင်းမွန်သည့် လူမှုဘဝကို ရရှိစေမည်… ” ဆိုတဲ့ အချက်တွေဖြစ်ပါတယ်။

ဒီအချက်တွေကို ဆရာ ဆရာမ တွေက လုပ်ငန်းလမ်းညွှန်အဖြစ် လိုက်နာဆောင်ရွက်ကြရင်းဖြင့် အနာဂတ်နိုင်ငံတော်ကို ပုံဖော်ထုဆစ်ကြမယ့် နိုင်ငံသားကောင်း၊ သမီးကောင်းတွေ၊ နိုင်ငံတော်က အားထားရမယ့် သားကောင်းသမီးမွန်တွေကို မွေးထုတ်ပေးနိုင်ပါစေကြောင်း ဆန္ဒမွန်ပြုမိပါတယ်။ ၁၉၇၅ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ ပညာရည်နို့သောက်စို့ခဲ့ရတဲ့ အ.ထ.က(၃) ပြင်ဦးလွင်မှ ဆရာ ဆရာမများနဲ့ ဘဝတစ်သက်တာ တစ်လျှောက်လုံး မိမိရဲ့ သင်ဆရာ ကြားဆရာများအားလုံးကို လည်းကောင်း၊ တစ်ယောက်တစ်နေရာဆီမှာ တာဝန်ကိုယ်စီ ထမ်းဆောင်နေဆဲ၊ တာဝန်ထမ်းဆောင်ခဲ့ကြတဲ့ အမိကျောင်းတော်ကြီးမှာ ပညာသင်ကြားဖူးခဲ့တဲ့ ကျောင်းသား ကျောင်းသူဟောင်းများ၊ ပညာသင်ကြားနေဆဲ ကျောင်းသား ကျောင်းသူများအားလုံးကို လည်းကောင်း မှတ်မှတ်ထင်ထင် သတိရလျက်ရှိပါကြောင်းနဲ့ မိမိတို့ရဲ့ ကျောင်းသီချင်း ကမ္ဘာတည်သရွေ့ တည်တံ့ပါစေကြောင်း ဆုမွန်တောင်းလိုက်ပါတယ်။ ။



အထက(၃) ပြင်ဦးလွင်။

**“အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းဟူသည့် ဆောင်ပုဒ်နှင့်အညီ အနာဂတ်နိုင်ငံတော်အတွက် စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်သည့် ပညာတတ် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရမည်။ ငယ်စဉ်ကလေးဘဝကတည်းက စနစ်တကျဖြင့် နေထိုင်သွားလာတတ်စေရေး၊ သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ လိမ္မာယဉ်ကျေးမှုရှိစေရေး သင်ကြားလေ့ကျင့်ပေးမှသာလျှင် အနာဂတ်ဘဝလမ်းတစ်လျှောက်၌ သာယာကောင်းမွန်သည့် လူမှုဘဝကို ရရှိစေမည်…” ဆိုတဲ့ အချက်တွေဖြစ်ပါတယ်**

## မက်မန်းမြို့နယ်၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**မက်မန်း ဇွန် ၂၁**

ရှမ်းပြည်နယ် “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့နယ်၌ ဌာနဆိုင်ရာ တာဝန်ရှိသူများအဖွဲ့သည် ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအား ကွင်းဆင်း ဆောင်ရွက်ခြင်းကို ဇွန် ၁၈ ရက်က မက်မန်းမြို့နယ် ရောင်အူ(ဝ)ကျေးရွာအုပ်စု မငေါက်ကျေးရွာမူလတန်းကျောင်းစာသင်ဆောင်၌ ဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သောင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးထွန်းလင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် မိမိဌာန တစ်ခုချင်းစီမှ လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားကာ မငေါက်ကျေးရွာ၏ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊ ရပ်ရွာလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ၊ စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများ၊ ရွေးကောက်ပွဲဆိုင်ရာ သိသင့်သိထိုက်သည်များ၊ ရပ်ကွက်၊ ကျေးရွာများရှိအခြေခံပညာကျောင်းများ၌ မူလတန်းမှ အထက်တန်းအဆင့်ထိ တက်ရောက်နိုင်ရန် ကျောင်းသားမိဘများက အလေးထား ဆောင်ရွက်ပေးနိုင်ရေး၊ ကျန်းမာရေးနှင့် ပညာရေး အစရှိသော ကဏ္ဍများအလိုက်သက်ဆိုင်ရာ ဌာနအသီးသီးက ရှင်းလင်းဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။ **အေဇက်ထွန်း(မက်မန်း)**



# လျှင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၂၁**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီး ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီး က ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက် အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ် ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ အတွင်းရှိ ဆွမ်းဦးပုညရှင်စေတီတော်၊ ရာဇမဏိစူဠာ ကောင်းမှုတော်စေတီနှင့် မေတ္တာကန်တို့၌ ငလျင် အတွင်း ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက် အအုံများအား အဖွဲ့အစည်းအသီးသီးနှင့် ဒေသခံ ပြည်သူများပူးပေါင်း၍ အပြီးသတ်ဖယ်ရှားရှင်းလင်း ပြီးနောက် စေတီတော်ရင်ပြင် တိုးချဲ့ရန်အတွက် မြေသားခိုင်မာမှု စမ်းသပ်စစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ၊ စေတီတော်လုံးပတ် ပြန်လည်ပြုပြင်မွမ်းမံ တည်ဆောက်နေမှုအခြေ အနေများ၊ စေတီတော်ပရိဝုဏ်အတွင်း သန့်ရှင်း သာယာလှပရေးနှင့် ဘက်စုံပြန်လည်ပြုပြင် တည် ဆောက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေး သည်။

ထို့နောက် စစ်ကိုင်းမြို့အတွင်းရှိ သကျမိတာ သီလရှင်စာသင်တိုက်နှင့် တောလေးထပ်ကျောင်း တိုက်များ၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို စက်ယန္တရားကြီး များအသုံးပြု၍ အရှိန်အဟုန်မြှင့် အပြီးသတ်ဖယ်ရှား ရှင်းလင်းပြီး ပြန်လည်တည်ဆောက်နေမှုအခြေအနေ များကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် စစ်ကိုင်းပညာရေး ဒီဂရီကောလိပ် သို့သွားရောက်၍ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရန်အတွက် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ကျောင်း ဆောင်များကို အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှု



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ ဆွမ်းဦးပုညရှင်စေတီရှိ အပျက်အစီး များ ရှင်းလင်းနေမှု ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မြို့သစ်(၅) ရပ်ကွက် ရှင်ပင်းအုံးအင်းကျောင်းတိုက်ရှိ အပျက်အစီးများ ဖယ်ရှင်းရှင်းလင်းနေမှု ကြည့်ရှု အားပေးစဉ်။

အခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည် များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ စစ်ကိုင်းမြို့ ငလျင်ဘေးဒဏ်သင့် ရဟန်း၊ သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ် များအား တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက် ပေးနေမှုအခြေအနေများ၊ တပ်မတော်ရေသန့်စက် ယာဉ်ဖြင့် ဧရာဝတီမြစ်ရေကိုသန့်စင်၍ သန့်ရှင်းသော သောက်သုံးရေများပေးဝေနိုင်ရေးနှင့် ပြည်သူများ သောက်သုံးရေ ပြည့်ပြည့်ဝဝ ဖြန့်ဝေနိုင်ရေးတို့ကို ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေး သည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများ သည် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မြို့သစ်(၅) ရပ်ကွက်ရှိ ရှင်ပင်းအုံးအင်းကျောင်းတိုက်နှင့် စကြာ ပေါ်တော်မူစေတီတော်များသို့ လည်းကောင်း၊ ကျွန်းလုံးဥသျှောင်ရပ်ကွက် ဒက္ခိဏာရာမဘုရားကြီး တိုက်အတွင်းရှိ မြင်းတန်းကျောင်းတိုက်သို့ လည်း ကောင်း၊ မဟာအောင်မြေမြို့နယ် ဒေဝန်းအရှေ့ရပ်ကွက် ရှိ ရတနာပုံသာဆုတောင်းရ(ဦးပေစိ)ဘုရားသို့ လည်း ကောင်း သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျ ပျက်စီးခဲ့သော အပျက်အစီးများအား ဖယ်ရှားရှင်းလင်း နေမှုအခြေအနေများနှင့် ဖယ်ရှားရှင်းလင်းဆောင်ရွက် ပြီးစီးမှုအခြေအနေများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ရှင်ပင်း အုံးအင်းကျောင်းတိုက်ဆရာတော်အား အလှူငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက် ဝါခင်းကုန်း ပြည်သူ့အားကစား ကွင်းသို့သွားရောက်၍ မန္တလေးမြို့တွင်း ငလျင်ဘေး သင့်ဝန်ထမ်းများနှင့်ပြည်သူများ နေထိုင်ရန်အတွက် Container house များအား တပ်ဆင်ဆောက်လုပ် နေမှုများကို လည်းကောင်း၊ စက်ယန္တရားများ အသုံးပြု၍ လမ်းသားမြေညှိခြင်းလုပ်ငန်းများ ဆောင် ရွက်နေမှုအခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင် ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ရေးမြို့နယ်၌ မုန်တိုင်းဘေးနှင့် ရေဘေးအန္တရာယ် ရှာဖွေကယ်ဆယ်ရေးလေ့ကျင့်

**ရေး ဇွန် ၂၁**

မွန်ပြည်နယ် သဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် မုန်တိုင်း ဘေးနှင့် ရေဘေးအန္တရာယ် ရှာဖွေ ကယ်ဆယ်ရေး (မြို့နယ်အဆင့်) သရုပ်ပြလေ့ကျင့်ခြင်း အခမ်း အနားကို ဇွန် ၂၀ ရက်က ရေး မြို့နယ် မီးသတ်ဦးစီးဌာနမှ မြကန် သာကျုံးနှင့် ရန်ကြီးအောင် အရန် မီးသတ်စခန်း၌ ဆောင်ရွက် သည်။

အခမ်းအနားတွင် ရေးမြို့နယ် တပ်နယ်မှူး ဗိုလ်မှူးကြီး ကောင်းဇော်မြင့်၊ ခရိုင်သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းမင်း၊ (ခေတ္တ) မြို့နယ် အုပ်ချုပ်ရေးမှူး ဦးရဲနီထွန်း၊ ခရိုင် နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာ/မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မြို့နယ်



မီးသတ်ဦးစီးဌာနမှူး ဦးသန်းဌေး အောင်နှင့်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဌာန၊ မြို့နယ်ကြက်ခြေနီအသင်း အဖွဲ့ ဝင်များ၊ ရပ်ကွက်အလိုက် ပရဟိတ လူမှုကူညီရေးအသင်းအဖွဲ့ဝင်များ ၏သဘာဝဘေးတုံ့ပြန်ဆောင်ရွက် ရေး သရုပ်ပြလေ့ကျင့်မှုအနေ ဖြင့် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန် သည့်မြစ်ရေကြီးမှု သတိပေးချက် အား အသိပေး နှိုးဆော်ခြင်း၊ မုန်တိုင်းဘေးအန္တရာယ် ခံစားရ သောပြည်သူများ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခြင်း၊ ရေကြီးရေလျှံမှု ကြောင့် မြစ်အတွင်း မျောပါလာ သော လူနာများအား ရှာဖွေကယ် ဆယ်ခြင်းနှင့် ကျန်းမာရေးစောင့် ရှောက်မှုပေးခြင်းတို့ကို ကြည့်ရှု အားပေးပြီး အရေးပေါ်အခြေအနေ ဖြစ်လာပါက တုံ့ပြန်နိုင်ရေး အတွက်(လူ၊ ပစ္စည်း၊ ယန္တရား) စုဖွဲ့ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှု စစ်ဆေးသည်။

ရှင်းသန့်ဖြူ
(ပြန်/ဆက်)

## ဝန်းသိုမြို့နယ်၌ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အကြိုအသိပညာပေးဟောပြော

**ဝန်းသို ဇွန် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသို မြို့နယ် အထက - ဝန်းသို မြတ် ဆရာခန်းမ၌ ခရိုင် / မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့တို့၏ ဦးဆောင် မှုဖြင့် အပြည်ပြည်ဆိုင်ရာ မူးယစ် ဆေးဝါးအလွဲသုံးမှုနှင့် တရား မဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေး နေ့အထိမ်းအမှတ် အကြိုအသိ ပညာပေးဟောပြောပွဲကို ယမန် နေ့က ကျင်းပသည်။



အသိပညာပေး ဟောပြောပွဲ တွင် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီး မှူး ဒေါ်ခင်မိုးခက်က လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်ခေါင်းစဉ် ဖြင့် လည်းကောင်း၊ မြို့နယ် ဆရာဝန်ကြီး ဒေါက်တာတင့်လွင် က မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်တတ်သော ကျန်းမာရေး ပြဿနာများအကြောင်း ခေါင်းစဉ် ဖြင့်လည်းကောင်း၊ မြို့နယ်ရဲတပ် ဖွဲ့မှူး ရဲမှူး ကျော်ဆန်းဝင်းက မူးယစ်ဆေးဝါးအန္တရာယ်တားဆီး နှိမ်နင်းရေးခေါင်းစဉ်ဖြင့် လည်း ကောင်း အသိပညာပေးပြောကြား ပြီး တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြားပေးသည်။

ထို့နောက် မြို့နယ်ပြန်ကြား ရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနရှိ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးနှိမ်နင်းရေး အသိပညာ ပေးနံရံကပ်စာစောင်များကို ပြသ ခဲ့ရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်း သား ကျောင်းသူများက စိတ်ပါဝင် စားစွာ ကြည့်ရှုလေ့လာခဲ့ကြ ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရမည့် Grade 12 ကျောင်းသား ကျောင်းသူများ ဇီဝဗေဒဘာသာရပ်နှင့် ဘောဂဗေဒဘာသာရပ်တို့ကို ဆက်လက်ဖြေဆို

**နေပြည်တော် ဇွန် ၂၁**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သော ပညာတတ်အရင်းအမြစ်များ ပေါ်ကြွယ်ဝရေးအတွက် မျိုးဆက်သစ်ကျောင်းသားလူငယ်များ၏ ပညာရေးကဏ္ဍတိုးတက်မြင့်မားရေးကို အဓိကထား အလေးပေးဆောင်ရွက်လျက်ရှိသည်နှင့်အညီ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုရမည့် နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်တို့မှ ကျောင်းသား ကျောင်းသူများအား ဇွန် ၁၆ ရက်မှ စတင်၍ တိုင်းဒေသကြီး/ ပြည်နယ်များမှ စာစစ်ဌာန အသီးသီး၌ စာမေးပွဲများ ကျင်းပပေးလျက်ရှိသည်။

ယနေ့တွင် သက်ဆိုင်ရာမြို့နယ် အသီးသီးရှိ စာစစ်ဌာန ၁၉၅ ခု၌ ဝင်ရောက်ဖြေဆိုလျက်ရှိရာ တက္ကသိုလ်ဝင်စာမေးပွဲ ဆဋ္ဌမနေ့တွင် **ဇီဝဗေဒ** ဘာသာရပ်နှင့်ဘောဂဗေဒဘာသာရပ်တို့ကို ဝင်ရောက်ဖြေဆိုသူ ကျောင်းသား ကျောင်းသူ ၆၂၇၈၈ ဦး (ဖြေဆိုရာခိုင်နှုန်း ၉၈ ဒသမ ၆၁ ရာခိုင်နှုန်း) ရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

ထိုသို့ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ စာမေးပွဲဖြေဆိုနေမှုများကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များနှင့် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး ကျောင်းသား ကျောင်းသူများနှင့် လိုက်ပါပို့ဆောင်ပေးသည့် မိဘအုပ်ထိန်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

စာမေးပွဲများ ပြန်လည်ကျင်းပနေစဉ် ကာလအတွင်း ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက် စာမေးပွဲများကျင်းပနေသည့် မြို့နယ်များအလိုက် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များဖြင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့်အခြားလိုအပ်သည်များကို စနစ်တကျစီမံဆောင်ရွက်ထားရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## အခြေခံပညာဦးစီးဌာန

## ၂၀၂၅ ခုနှစ်၊ ဇွန်လတွင် ပြန်လည်ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲ (စာရင်းရှိ၊ ဖြေဆို၊ ပျက်ကွက်) စာရင်း

ဇီဝဗေဒ + ဘောဂဗေဒဘာသာရပ်

ရက်စွဲ။ ၂၁-၆-၂၀၂၅

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် အရေအတွက် | မြို့နယ် အရေအတွက် | စာစစ်ဌာန အရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆိုသည့် ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၆ | ၁၂ | ၂၂ | ၃၃၃၇ | ၅၃၅၉ | ၈၆၉၆ | ၃၂၈၀ | ၅၃၀၂ | ၈၅၈၂ | ၅၇ | ၅၇ | ၁၁၄ | ၉၈.၆၉% | ၁.၃၁% | |
| ၂ | စစ်ကိုင်း | ၉ | ၁၃ | ၂၅ | ၃၁၃၈ | ၅၀၆၇ | ၈၂၀၅ | ၃၀၇၃ | ၄၉၆၇ | ၈၀၄၀ | ၆၅ | ၁၀၀ | ၁၆၅ | ၉၇.၉၉% | ၂.၀၁% | |
| ၃ | မန္တလေး | ၁၀ | ၂၅ | ၁၀၁ | ၁၄၆၅၈ | ၁၉၅၈၃ | ၃၄၂၄၁ | ၁၄၃၈၃ | ၁၉၃၇၇ | ၃၃၇၆၀ | ၂၇၅ | ၂၀၆ | ၄၈၁ | ၉၈.၆၀% | ၁.၄၀% | |
| ၄ | နေပြည်တော် | ၄ | ၈ | ၄၇ | ၅၄၆၈ | ၇၀၆၃ | ၁၂၅၃၁ | ၅၄၀၃ | ၇၀၀၃ | ၁၂၄၀၆ | ၆၅ | ၆၀ | ၁၂၅ | ၉၉.၀၀% | ၁.၀၀% | |
| | စုစုပေါင်း | ၂၉ | ၅၈ | ၁၉၅ | ၂၆၆၀၁ | ၃၇၀၇၂ | ၆၃၆၇၃ | ၂၆၁၃၉ | ၃၆၆၄၉ | ၆၂၇၈၈ | ၄၆၂ | ၄၂၃ | ၈၈၅ | ၉၈.၆၁% | ၁.၃၉% | |

## မလှိုင်မြို့နယ်၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ပြန်လည်ဖြေဆိုပြီးစီး

**မလှိုင် ဇွန် ၂၁**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြသည့်ကျောင်းသားကျောင်းသူများသည် ဇွန် ၂၁ ရက်က ဇီဝဗေဒနှင့် ဘောဂဗေဒဘာသာရပ်ကို ဆက်လက်ဖြေဆိုကြသည်။

မလှိုင်မြို့နယ်၌ ကျောင်းသားကျောင်းသူ စုစုပေါင်း ၂၀၄၁ ဦးအနက် ဖြေဆိုကျောင်းသားကျောင်းသူ စုစုပေါင်း ၂၀၂၇ ဦးရှိပြီး ပျက်ကွက် ၁၄ ဦးရှိကာ ယနေ့ဖြေဆိုမှုရာခိုင်နှုန်းမှာ ၉၉ ဒသမ ၃၁ ရာခိုင်နှုန်းရှိကြောင်းနှင့် ပျက်ကွက်မှုရာခိုင်နှုန်း ၀ ဒသမ ၆၉ ရာခိုင်နှုန်းဖြစ်သည်။

စာစစ်ဌာန အသီးသီးသို့ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အောင်ဝင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြထွန်း(မလှိုင်)



## ကျွန်းလှမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုပြီးစီး

**ကျွန်းလှ ဇွန် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ၂၀၂၅ ခုနှစ် ဇွန်လတွင် ပြန်လည်ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲကို ဇွန် ၂၁ ရက်တွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုပြီးစီးခဲ့ကြောင်း သိရသည်။

ကျွန်းလှမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် စာစစ်ဌာနတစ်ခုဖွင့်လှစ်ပြီး စာရင်းရှိ ၂၄၈ ဦးဖြစ်ကြောင်း၊ ယနေ့ ဇီဝဗေဒဘာသာရပ်နှင့် ဘောဂဗေဒဘာသာရပ်ဖြေဆိုသည့် ကျောင်းသားကျောင်းသူ ၂၄၄ ဦး (၉၈ ဒသမ ၃၈ ရာခိုင်နှုန်း)ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

မျိုးဝင်းညို (ကျွန်းလှ)





## ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုသည့် Grade-12 ကျောင်းသား ကျောင်းသူ ရာနှုန်းပြည့်ဖြေဆို

**ရမည်းသင်း ဇွန် ၂၁**

ရမည်းသင်းမြို့နယ် စံပြသိမ်ကုန်းကျေးရွာ အထကကျောင်း၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများသည် ဇွန် ၁၆ ရက်မှ ဇွန် ၂၁ ရက်အထိ ဝင်ရောက်ဖြေဆိုသူ ဘောဂဗေဒဘာသာတွဲမှ ကျောင်းသား ၇၄ ဦး၊ ကျောင်းသူ ၁၁၈ ဦး စုစုပေါင်း ၁၉၂ ဦး၊ ဇီဝဗေဒဘာသာတွဲမှ ကျောင်းသား ၃၂ ဦး၊ ကျောင်းသူ ၄၆ ဦး စုစုပေါင်း ၇၈ ဦး နှစ်ဘာသာတွဲ စုစုပေါင်း ၂၇၀ ပျက်ကွက်မှုမရှိ ရာနှုန်းပြည့်အေးချမ်းစွာ ဖြေဆိုခဲ့ကြောင်း သိရသည်။ ၂၁၄

**ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ**

# ကရင်ပြည်နယ် ဖာပွန်ခရိုင် ကမမောင်းမြို့၌ စာကြည့်တိုက်များဖွင့်လှစ်

**ဘားအံ ဇွန် ၂၁**

ကမမောင်းမြို့ အမှတ် (၃) ရပ်ကွက်၌ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်း ဆောင်ရွက်မှုကော်မတီ၏ မတည်ထောက်ပံ့ငွေကျပ် သိန်း ၁၅၀ ဖြင့် ဆောက်လုပ်ခဲ့သည့် ပန်တော်ရိပ် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ယနေ့ တွင် ကျင်းပသည်။

ဦးစွာ ပန်တော်ရိပ်စာကြည့်တိုက် အဆောက်အအုံ သစ်ကို ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြ သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများက စာကြည့်တိုက်ဖွင့်ပွဲ အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြပြီး စာကြည့်တိုက်အတွင်း ပညာရပ် အလိုက် စာအုပ်စာစောင်များ ခင်းကျင်းထားရှိမှုနှင့် ဒေသခံများ လာရောက်စာပေလေ့လာဖတ်ရှုနေမှု အခြေအနေများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဖာပွန်ခရိုင် ကမမောင်းမြို့ အမှတ်(၂) ရပ်ကွက် အုန်းတော ဆွေမြတ်မျိုးကြွယ် ပရိယတ္တိ စာသင်တိုက်ရှိ ပညာဘဏ်စာကြည့်တိုက် ဖွင့်ပွဲကိုကျင်းပရာ မြိုင်ကြီးငူနန်းဦးဘေးမဲ့တောရ ကျောင်း ဦးစီးပဓာနနာယက ဒုတိယမြိုင်ကြီးငူ ဆရာတော် အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ သီရိ ပျံ့ချီ ဘဒ္ဒန္တဉာဏိက၊ ဆွေမြတ်မျိုးကြွယ် ပရိယတ္တိ စာသင်တိုက် နာယကဆရာတော် ဘဒ္ဒန္တခေမိက၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးကြပြီး စာကြည့်တိုက်အတွင်း လှည့် လည်ကြည့်ရှုအားပေးသည်။

ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတ တိုးပွားစေရန်အတွက် စာကြည့်တိုက်သို့သွားရောက် ပြီး စာပေဖတ်ရှုလေ့လာစေခြင်း၊ အသိပညာဗဟုသုတ များကိုကူးယူ ရေးမှတ်စေခြင်း၊ ဆွေးနွေးတိုင်ပင် စေခြင်းများ စဉ်ဆက်မပြတ်ပြုလုပ်စေရေး တိုက်တွန်း နှိုးဆော်ပေးကြစေလိုကြောင်း၊ မိမိတို့လက်လှမ်းမီ နိုင်သည့်နေရာတိုင်းတွင် စာပေဖတ်ရှုနိုင်ရန် ကျေးရွာ တိုင်း/ရပ်ကွက်တိုင်းတွင် စာကြည့်တိုက်များရှိ အောင် ဆောင်ရွက်ပေးနေခြင်းဖြစ်သည့်အတွက် မိမိတို့ဘဝကို အောင်မြင်တိုးတက်အောင်၊ အမှား အမှန်ခွဲခြားနိုင်အောင်၊ အသိပညာဗဟုသုတများ တိုးပွားအောင် စာကြည့်တိုက်သို့သွားရောက်ပြီး စာပေလေ့လာဖတ်ရှုကြစေလိုကြောင်း ပြောကြား သည်။



ထို့နောက် စေတနာရှင်အလှူရှင်များက ပန်တော်ရိပ်စာကြည့်တိုက်အတွက် ငွေပဒေသာပင် ကျပ် ၁၀ သိန်းကို ပြည်နယ်ဝန်ကြီးထံပေးအပ် လှူဒါန်းပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ကရင်ပြည်နယ်စာကြည့်တိုက်များ ဖောင်ဒေးရှင်းတို့က အဆိုပါစာကြည့်တိုက် နှစ်တိုက် အတွက် သုတ၊ ရသစာအုပ်စာစောင် ၁၅၀ ကို ပေးအပ် လှူဒါန်းသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန် ရှိသူများသည် ဆရာတော်၊ သံဃာတော်များအား ဆန်၊ ဆီ၊ အစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများ နှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ ကြသည်။

ခရိုင်(ပြန်/ဆက်)



## မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၉ ဦး ယနေ့တွင် ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

**နေပြည်တော် ဇွန် ၂၁**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီမြို့- မဲ့ထော်သလေး (KK Park) နယ်မြေတွင် အွန်လိုင်း လောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၂၆ ဦး၊ အိန္ဒိယနိုင်ငံသား တစ်ဦး၊ နီပေါနိုင်ငံသား တစ်ဦးနှင့် အင်ဒိုနီးရှားနိုင်ငံသား တစ်ဦး စုစုပေါင်း ၂၉ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာန ဆိုင်ရာပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေး အချက်အလက်များနှင့် မှတ်တမ်းများစာရင်း ကောက်ယူခြင်းလုပ်ငန်း နေ့ချင်းပြီးဆောင်ရွက်နေ မှုကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီး ဌာန၊ ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ မှ ဇွန် ၂၁ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာ သည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၇၀ စစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၉၀၆ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပ နိုင်ငံသား ၂၆၄ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်း စောင့်ရှောက်ထား ရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်း ထန်ထန်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြ သော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိ သည်။

သတင်းစဉ်

## အခြေခံပညာကျောင်းများ၊ ပြည်သူ့ဆေးရုံများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် သတ်မှတ်နေရာများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် ဇွန် ၂၁**

၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းဖွင့်ရာသီတွင်ကျောင်းသား ကျောင်းသူများ အဆင်ပြေ ချောမွေ့စွာ ပညာသင်ကြားနိုင်ရေး နှင့် စာသင်ကျောင်းများ ဥပဓိရုပ် ကောင်းမွန်စေရေးအတွက် တိုင်း ဒေသကြီးနှင့် ပြည်နယ်အသီးသီး ရှိ အခြေခံပညာကျောင်းများနှင့် ပညာရေးဒီဂရီကောလိပ်များတွင် ကျောင်းပတ်ဝန်းကျင် သန့်ရှင်း သာယာလှပရေးအတွက် နယ်မြေ ခံတပ်မတော်သားများ၊ ဌာနဆိုင် ရာဝန်ထမ်းများ၊ လူမှုရေးအသင်း အဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက် ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) အောင်ပန်းမြို့နယ် နှင့် ဗထူးတပ်မြို့တို့၌လည်း ကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အပါအဝင် မြို့နယ် ၂၂ မြို့နယ်တို့၌ လည်း ကောင်းသက်ဆိုင်ရာ တိုင်းစစ်ဌာန ချုပ်များမှ နယ်မြေခံတပ်မတော် သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှု ထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့ စစ် (ဌာနေ) တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ လူမှုရေး အသင်းအဖွဲ့များက အခြေခံပညာ ကျောင်းများ အတွင်း / အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင် ရှင်းလင်းခြင်း၊ အမှိုက်များရှင်း လင်းခြင်း၊ ရေစီးရေလာ ကောင်း မွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများ အား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက် ကမ်းစာစောင်များ ဖြန့်ဝေပေး ခြင်းများကို စုပေါင်းဆောင်ရွက် ပေးကြသည်။

ထို့ပြင် ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့ရှိ မောမြေ ဦးပန်းခြံ၊ ခိုလမ်မြို့ရှိ နောင်ဟေး ငင်းရေကန်သာ၊ ကွန်ဟိန်းမြို့နယ် ရှိ သိန်းပျံဘုန်းတော်ကြီးကျောင်း နှင့် လဲချားမြို့နယ် နောင်ပန် ကျေးရွာရှိ ဟိုလွယ်ဘုန်းတော်ကြီး ကျောင်းတို့၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့ သစ်(တောင်ပိုင်း)မြို့နယ် အမှတ် (၂၆) ရပ်ကွက် ပြည်သူ့ဆေးရုံ၊ မြောက်ဥက္ကလာပမြို့နယ် (ဆ) ရပ်ကွက်ရှိ ဆေးတက္ကသိုလ် (၂) နှင့် ဆိပ်ကြီးခနောင်တိုမြို့နယ် ခနောင်တို အရှေ့ရပ်ကွက်ရှိ ပြည်သူ့ဆေးရုံတို့၌လည်းကောင်း နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင် ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူ များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အမှိုက် များ ရှင်းလင်းခြင်းများ စုပေါင်း ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများ ကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် များမှ တိုင်းမှူးများနှင့် တာဝန်ရှိ သူများက သွားရောက်ကြည့်ရှု အားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြ ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။

## အစ္စရေး - အီရန် အကျပ်အတည်းဖြေရှင်းရန် သံခင်းတမန်ခင်း အရေးတကြီးလိုအပ်နေဟု ကုလသမဂ္ဂ နိုင်ငံရေးဆိုင်ရာအကြီးအကဲ ပြောကြား

**ဂျီနီဗာ ဇွန် ၂၁**

အစ္စရေးနှင့်အီရန်တို့ကြား တင်းမာမှုများ အရှိန်လျှော့ချရန် သံခင်းတမန်ခင်း အရေးတကြီးလိုအပ်ကြောင်း ကုလသမဂ္ဂနိုင်ငံရေးဆိုင်ရာ အကြီးအကဲ ရို့စ်မေရီ ဒီကာလို က ဇွန် ၂၀ ရက်တွင် ပြောကြားခဲ့သည်။

အီရန်နိုင်ငံခြားရေးဝန်ကြီးနှင့် ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများကြား ဇွန် ၂၀ ရက်က တွေ့ဆုံမှုကြောင့် တင်းမာမှုများ အရှိန်ကောင်းလာမှုကိုတားဆီးရန်နှင့် ငြိမ်းချမ်းစွာ ဖြေရှင်းရန်တို့အတွက် ပြတင်းတံခါးမပိတ်သေးကြောင်း ရို့စ်မေရီ ဒီကာလိုက ပြောသည်။ ယင်းကဲ့သို့ကြိုးပမ်းအားထုတ်မှုများကို အလေးအနက်ထားအားပေးကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

တင်းမာမှုများအရှိန် လျှော့ချရန်၊ ရန်လိုမှုများရပ်စဲရန်နှင့် အငြင်းပွားမှုများကို ငြိမ်းချမ်းသောနည်းလမ်းဖြင့် ဖြေရှင်းရန် ဖြစ်နိုင်သမျှနည်းလမ်းများကို လိုက်လံရှာဖွေရမည်ဟု လုံခြုံရေးကောင်စီ၏ အရေးပေါ်အစည်းအဝေးတွင် ၎င်းကဆက်လက်ပြောကြားခဲ့သည်။ အီရန်နှင့်အစ္စရေးတို့၏ တိုက်ခိုက်မှုအတိုင်းအတာ ဆက်လက်ကျယ်ပြန့်လာပြီး နှစ်နိုင်ငံစလုံးရှိ အရပ်သားများအတွက် ကြီးမားသောအကျိုးဆက်များရှိကြောင်း ဒီကာလိုက ပြောသည်။ **ဆင်ဟွာ**




## အစ္စရေး - အီရန် ပဋိပက္ခ အရှိန်မြင့်လာမှုမှရှောင်ရှားရန် ဂျပန်နိုင်ငံခြားရေးဝန်ကြီး တောင်းဆို

**တိုကျို ဇွန် ၂၁**

အစ္စရေးနှင့်အီရန် ပဋိပက္ခတွင် တင်းမာမှုများလျှော့ချရန် ဂျပန်နိုင်ငံခြားရေးဝန်ကြီး တာကီရှိ အီဝါယာက တောင်းဆိုခဲ့ပြီး အခြေအနေတည်ငြိမ်စေရေး အရေးကြီးကြောင်း ပြောကြားခဲ့သည်။

အစ္စရေးနိုင်ငံခြားရေးဝန်ကြီး ဂီဒီယွန်ဆာနှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီး တာကီရှီအီဝါယာတို့ ဇွန် ၂၀ ရက်က ဖုန်းဖြင့်ဆွေးနွေးစဉ်အတွင်း အစ္စရေးနှင့်အီရန်တို့၌ လက်ရှိဖြစ်ပေါ်နေသည့် အပြန်အလှန်လက်တုံ့ပြန် တိုက်ခိုက်မှုများနှင့်ကြီးမားသည့် အပျက်အစီးများအပေါ် စိုးရိမ်မိကြောင်း တာကီရှီက ပြောကြားခဲ့သည်။ အခြေအနေပိုမိုဆိုးရွားလာနိုင်သည့် မည်သည့်လုပ်ရပ်မျိုးကိုမဆို ရှောင်ရှားသင့်ပြီး တည်ငြိမ်သောအေးချမ်းမှု ပြန်လည်ရရှိရေး အရေးကြီးကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

အစ္စရေးနိုင်ငံ၌ရောက်ရှိနေသည့် ဂျပန်နိုင်ငံသားများ၏ ဘေးကင်းရေးအတွက် အစ္စရေးအစိုးရ၏ ပံ့ပိုးကူညီပေးရန်လည်း ၎င်းက တောင်းဆိုခဲ့သည်။ အစ္စရေးနှင့်အီရန်နိုင်ငံတို့မှ ဂျပန်နိုင်ငံသား ၈၇ ဦးနှင့်၎င်းတို့၏ မိသားစုဝင်များကို ကုန်းကြောင်းဖြင့် အခြားသောအိမ်နီးချင်းနိုင်ငံများထံ ရွှေ့ပြောင်းပေးခဲ့ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက ဇွန် ၂၀ ရက်တွင်ပြောသည်။ **ဆင်ဟွာ**

## ဆီးရီးယားဒုက္ခသည်များနေရပ်ပြန်ရေး မျှော်လင့်ချက်ရှိလာ

**ဒမတ်စကတ် ဇွန် ၂၁**

ဆီးရီးယားဒုက္ခသည်များ နေရပ်ပြန်မှုများ ဆက်လက်ဖြစ်ပေါ်နေသည့်အတွက် ဆီးရီးယားနိုင်ငံ၏ အခြေအနေမှာ ထိရှလွယ်သကဲ့သို့ မျှော်လင့်ချက်များလည်းရှိကြောင်း ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ အကြီးအကဲ ဖိလစ်ပီနို ဂရန်ဒီ က ဇွန် ၂၀ ရက်တွင်ပြောသည်။


ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ အကြီးအကဲ ဖိလစ်ပီနို ဂရန်ဒီ။

၎င်းသည် ယခုနှစ်အတွင်း ဆီးရီးယားနိုင်ငံသို့ ဒုတိယအကြိမ်လာရောက်ခြင်းဖြစ်ပြီး ဒမတ်စကတ်မြို့တွင်ကျင်းပသည့် ကမ္ဘာ့ဒုက္ခသည်များနေ့ အခမ်းအနားသတင်းစာရှင်းလင်းပွဲတွင် ယခုလိုပြောကြားခဲ့ခြင်းဖြစ်သည်။ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်းမှ စတင်ကာ ဆီးရီးယားနှစ်သန်းကျော် နေရပ်ပြန်ခဲ့ပြီး အဆိုပါနှစ်သန်းထဲတွင် ဒုက္ခသည်များနှင့် ပြည်တွင်း၌ပင် ရွှေ့ပြောင်းနေထိုင်သူများပါဝင်သည်ဟု ၎င်းကဆက်ပြောသည်။

ဆီးရီးယားနိုင်ငံအတွင်း၌ပင် ရွှေ့ပြောင်းနေထိုင်သည့် နေရပ်စွန့်ခွာပြည်သူ ၁ ဒသမ ၄ သန်းမှ ၁ ဒသမ ၅ သန်းခန့်သည် ၎င်းတို့၏နေရပ်သို့ ပြန်သွားကြပြီဖြစ်ကြောင်း ဂရန်ဒီက ဆင်ဟွာသို့ ပြောသည်။ အိမ်နီးချင်းနိုင်ငံများမှ နေရပ်ပြန်လာသူ ၆၀၀၀၀၀ ခန့်ရှိသည်ဟု ၎င်းကဆက်လက်ပြောသည်။

ဆီးရီးယား ဒုက္ခသည်များ နေရပ်ပြန်လာကြသော်လည်း ခက်ခဲသော အခြေအနေများရှိသောကြောင့် အခြေခံဝန်ဆောင်မှုများ၊ လုံခြုံရေးနှင့် ပြန်လည်တည်ဆောက်ရေးတို့အတွက် ရန်ပုံငွေလိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **ဆင်ဟွာ**

## ကမ္ဘာ့ဘဏ်က သီရိလင်္ကာနိုင်ငံ၏ သန့်ရှင်းသောစွမ်းအင် ကူးပြောင်းရေးအတွက် ကန်ဒေါ်လာ သန်း ၁၅၀ ထောက်ပံ့

**ကိုလံဘို ဇွန် ၂၁**

ကမ္ဘာ့ဘဏ်က သီရိလင်္ကာနိုင်ငံအတွက် အမေရိကန်ဒေါ်လာ သန်း ၁၅၀ တန်ဖိုးရှိ အစီအစဉ်သစ်တစ်ရပ်ကို ဇွန် ၂၀ ရက်တွင် အတည်ပြုလိုက်ကြောင်း သိရသည်။ အဆိုပါအစီအစဉ်သစ်သည် သန့်ရှင်းသော၊ ယုံကြည်စိတ်ချရသော၊ ဈေးနှုန်းသက်သာသော စွမ်းအင်ရရှိရေးအတွက် သီရိလင်္ကာနိုင်ငံ၏ စွမ်းအင်ကဏ္ဍကို ထောက်ပံ့ကူညီပေးသွားမည်ဖြစ်သည်။

အဆိုပါအစီအစဉ်က ဈေးနှုန်းကြီးမြင့်သော ရုပ်ကြွင်းလောင်စာ တင်သွင်းမှုအပေါ် မှီခိုအားထားနေရမှုကိုလျှော့ချပြီး နေရောင်ခြည်စွမ်းအင်၊ လေအားစွမ်းအင်သို့ ကူးပြောင်းမှုကို အရှိန်အဟုန်မြှင့်ပြောင်းလဲရာတွင် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

## နီပေါနိုင်ငံက လျှပ်စစ်ကားများ စံချိန်တင် တင်သွင်း

**ခတ္တမန္ဒူ ဇွန် ၂၁**

နီပေါနိုင်ငံသည် လက်ရှိ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပထမ ၁၁ လအတွင်း လေးဘီးတပ်လျှပ်စစ်ယာဉ်များကို စံချိန်တင် တင်သွင်းခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနက ဇွန် ၂၀ ရက်တွင် ပြောသည်။

ဇွန်လလယ်အထိ လျှပ်စစ်ယာဉ်အစီးရေ စုစုပေါင်း ၁၃၄၈၃ စီးတင်သွင်းခဲ့ပြီး ၎င်းတို့အနက် ၁၀၁၉၄ စီးမှာ တရုတ်နိုင်ငံမှ တင်သွင်းခဲ့ခြင်းဖြစ်ကာ လျှပ်စစ်ကားတင်သွင်းမှု စုစုပေါင်း၏ ၇၆ ရာခိုင်နှုန်းနီးပါးရှိကြောင်း အဆိုပါဦးစီးဌာနက ပြောသည်။

နှိုင်းယှဉ်ကြည့်မည်ဆိုပါက နီပေါနိုင်ငံသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် လျှပ်စစ်ယာဉ်အစီးရေ စုစုပေါင်း ၁၁၇၀၁ စီးသာ တင်သွင်းခဲ့သည်။ နီပေါနိုင်ငံသည် အထူးသဖြင့် မုတ်သုံရာသီအတွင်း ရေအားလျှပ်စစ်ကို ပိုလျှံစွာထုတ်လုပ်နိုင်သည့်အတွက် မကြာသေးမီနှစ်များအတွင်း လျှပ်စစ်ယာဉ်များသုံးစွဲမှုမြင့်တက်လာစေရေး တိုက်တွန်း လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

နီပေါနိုင်ငံသည် နှစ်ဘီးတပ်ယာဉ်များအပါအဝင် ၂၀၃၀ ပြည့်နှစ်အရောက်တွင် လျှပ်စစ်ယာဉ်ရောင်းချမှု ပုဂ္ဂလိက ခရီးတင်ယာဉ်အားလုံးအတွက် ၉၀ ရာခိုင်နှုန်းနှင့် အများပြည်သူသုံးယာဉ် အားလုံးအတွက် ၇၀ ရာခိုင်နှုန်းအထိ ရှိလာရန် ရည်ရွယ်လုပ်ဆောင်လျက်ရှိသည်။ **ဆင်ဟွာ**






## ဂျိုဟိုးပြည်နယ်တွင် အင်ဂျင်ဝိုင်နှင့် ကုန်တင်ယာဉ် သိုလှောင်အဆောက်အအုံ မီးလောင်

**ကွာလာလမ်ပူ ဇွန် ၂၁**

မလေးရှားနိုင်ငံ ဂျိုဟိုးပြည်နယ်တွင် အင်ဂျင်ဝိုင်နှင့် ကုန်တင်ယာဉ်များ သိုလှောင်ထားသည့် စက်မှုလုပ်ငန်းသုံး အဆောက်အအုံတွင် မီးအကြီးအကျယ်လောင်မှုဖြစ်ပွားခဲ့သောကြောင့် အနီးဝန်းကျင်နေထိုင်သူများကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း အာဏာပိုင်များက ဇွန် ၂၁ ရက်တွင် ပြောသည်။

မီးသတ်သမားများသည် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် မီးလောင်မှုနှင့်ပတ်သက်ပြီး သတင်းလက်ခံရရှိခဲ့ကြောင်း ဂျိုဟိုးမီးသတ်နှင့် ကယ်ဆယ်ရေးဦးစီးဌာန၏ ထုတ်ပြန်ချက်အရသိရသည်။ ထို့နောက် မီးသတ်သမားများသည် ဂျိုဟိုးပြည်နယ်၏မြို့တော် ဂျိုဟိုးဘာရူမြို့အနီး ပါစီဒူဂန်ဒေသရှိ ကုန်တင်ယာဉ် ဂိုဒေါင်တွင် မီးလောင်မှုကို တွေ့ရှိခဲ့ကြောင်း၊ မီးတောက်များမှာ လေပြင်းအားကြောင့် လျင်မြန်စွာကူးစက်ပျံ့နှံ့ ခဲ့ပြီး အနီးနားရှိ အသုံးမပြုတော့သော ရေနံသိုလှောင်ရုံကိုပါ မီးစွဲလောင်ခဲ့ကြောင်း သိရသည်။

ထိခိုက်သေဆုံးမှုများနှင့်ပတ်သက်ပြီး ရှင်းရှင်းလင်းလင်း မသိရသေးဘဲ မီးငြိမ်းသတ်နိုင်ရေး ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။ ထို့အပြင် မီးလောင်မှုသည် အခင်းဖြစ်ပွားသည့်နေရာမှ မီတာ ၅၀ ခန့်အကွာရှိ နေအိမ်များသို့ ကူးစက်လောင်ခဲ့ကြောင်း မလေးရှားအမျိုးသားသတင်းဌာနက ပြောသည်။ **ဆင်ဟွာ**

# ရန်ကုန်တိုင်းဒေသကြီး၌ ၂၀၂၅ ခုနှစ် မြန်မာအမျိုးသမီးများနေ့အကြို အထိမ်းအမှတ် စာပေဟောပြောပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၂၁**

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တို့က ကြီးမှူးကျင်းပသော မြန်မာအမျိုးသမီးများနေ့အကြို "စာပေဟောပြောပွဲ" အခမ်းအနားကို ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC)၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေး (ဗဟို)ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစန်းစန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယက၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဇနီး ဒေါ်မော်မော်သန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ ဇနီး ဒေါ်ခင်မျိုးထိုက်၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



**ဟောပြော**

ဦးစွာ ကမာရွတ်မြို့နယ် အမှတ်(၂)အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသူလေးများက ရတနာပုံအကဖြင့် ဖျော်ဖြေတင်ဆက်ပြီး စာပေပညာရှင် ဆရာမ မမိုးမြေက အတိတ်ခေတ် မြန်မာအမျိုးသမီး၏ ပုံရိပ်များ ခေါင်းစဉ်ဖြင့် ဟောပြောခဲ့သည်။

ယင်းနောက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်(ရန်ကုန်)မှ ကျောင်းသူလေးများက မလေးလက်ခတ်သံအကဖြင့် ဖျော်ဖြေတင်ဆက်ပြီး စာပေပညာရှင် ဒေါက်တာနန္ဒဝင်းက အနာဂတ်၏ ဖန်တီးရှင် "မိခင်" ခေါင်းစဉ်ဖြင့် ဟောပြောခဲ့သည်။

ထို့နောက် မြန်မာ့သိုင်းအဖွဲ့ချုပ်၊ ရန်ကုန်တိုင်းဒေသကြီး သိုင်းဆပ်ကော်မတီမှ အားကစားသမားများက သရုပ်ပြတင်ဆက်ပေးခဲ့ကြပြီး စာပေပညာရှင် ဒေါက်တာခင်ဆွေမြင့်က "စာပေထဲက မိန်းမလှ" ခေါင်းစဉ်ဖြင့် ဟောပြောခဲ့သည်။

ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးအားကစားဆပ်ကော်မတီမှ Fitness Dance ဖြင့် ဖျော်ဖြေတင်ဆက်ပြီးစာပေပညာရှင် မြင်းမူမောင်နိုင်မိုးက "ချစ်ခြင်းဖြင့်သာ ရှုမြင်ပါ" ခေါင်းစဉ်ဖြင့် ဟောပြောခဲ့သည်။

**ဂုဏ်ပြုငွေများပေးအပ်**

ဆက်လက်ပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ ဇနီးနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၏ ဇနီးများက ဟောပြောပွဲတွင် ဖျော်ဖြေတင်ဆက်ပေးခဲ့ကြသည့် ကျောင်းသူများနှင့် ရန်ကုန်တိုင်းဒေသကြီး သိုင်းဆပ်ကော်မတီမှ အားကစားသမားများအား ဂုဏ်ပြုငွေများ ပေးအပ်ကြကြောင်း သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**

# Naypyitaw State Polytechnic University (NSPU) ၌ လူငယ်စကားဝိုင်းကျင်းပ

**နေပြည်တော် ဇွန် ၂၁**

နေပြည်တော်ရှိ Naypyitaw State Polytechnic University (NSPU) နှင့် ပုဗ္ဗသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်တို့ ပူးပေါင်း၍ လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို ဇွန် ၂၀ ရက် မွန်းလွဲပိုင်းက အဆိုပါ တက္ကသိုလ်၌ ကျင်းပသည်။

ရှေးဦးစွာ Naypyitaw State Polytechnic University မှ ပါမောက္ခချုပ် ဒေါက်တာ စိုးလင်းအောင်က အမှာစကားပြောကြားပြီး နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က လူငယ်စကားဝိုင်း ကျင်းပရသည့် ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။



ထို့နောက် တက္ကသိုလ်စာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က ပေးအပ်လှူဒါန်းရာ Naypyitaw State Polytechnic University မှ ပါမောက္ခချုပ်က လက်ခံရယူခဲ့ပြီး လူငယ်စကားဝိုင်းကို ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်နန်းဆွေဆွေအေးက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်၍ Naypyitaw State Polytechnic University မှ မြို့ပြအင်ဂျင်နီယာ ပထမနှစ်ကျောင်းသူ မအေးမြတ်သီရိအောင်က ကျောင်းသားလူငယ်နှင့် စာဖတ်ခြင်းအလေ့အထ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့ပြအင်ဂျင်နီယာ ပထမနှစ်ကျောင်းသား မောင်သုတအောင်က လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး အတတ်ပညာ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့ပြအင်ဂျင်နီယာ ပထမနှစ်ကျောင်းသူ မမြတ်သဉ္ဇာကျော်က လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အီလက်ထရွန်းနစ်အင်ဂျင်နီယာ ပထမနှစ်ကျောင်းသား မောင်သီဟအောင်က လူငယ်နှင့်ခေါင်းဆောင်မှုစိတ်ဓာတ် ခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီးဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ပြသထားသည့် နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်များအား စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**နန်းရွှေရတီ (ပြန်/ဆက်)**



## ဇလွန်မြို့နယ်၌ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မြေဆီလွှာအတွင်း ထည့်သွင်းခြင်းကွင်းသရုပ်ပြ

**ဇလွန် ဇွန် ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးရာသီ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မြေဆီလွှာအတွင်း ထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲကို ဇွန် ၁၉ ရက်က မေရီလန်းကျေးရွာအုပ်စု တောင်သူ ဦးဝင်းမြင့်ဦး၏ လယ်မြေ ငါးကေ၌ ကျင်းပသည်။

အဆိုပါ ကွင်းသရုပ်ပြပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် တာဝန်ရှိသူများက တောင်သူများနှင့် တွေ့ဆုံ၍ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများ၊ မိုးစပါးမစိုက်ပျိုးမီ ပိုက်ဆံလျှော် စိုက်ပျိုးနိုင်ရေး၊ ပိုက်ဆံလျှော် မြေခံစိုက်ပျိုးခြင်းဖြင့် အထွက်နှုန်းပိုမိုကောင်းမွန်စေရေး၊ Drum Seeder အစေ့ချကိရိယာများဖြင့် စိုက်ပျိုးနိုင်ရေးကိစ္စများ၊ မတ်ပဲ၊ ပဲတီစိမ်း အရည်အသွေးကောင်းမွန်စေရန် မျိုးစေ့နှုန်းထားလျှော့ချသုံးစွဲရေးနှင့် သစ်စိမ်းမြေဩဇာမှ အပင်အာဟာရစုပ်ယူစားသောက်ပုံအဆင့်ဆင့်ကို ဆွေးနွေးပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့် အဖွဲ့ဝင်များက တောင်သူ ဦးဝင်းမြင့်ဦး၏ ကွင်းအမှတ် ၁၈၄၁(ဂ)၊ ဦးပိုင်အမှတ် ( ၄၀ / ၂) တွင် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မြေဆီလွှာအတွင်း ထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲကို ကြည့်ရှုအားပေးကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဆီဆိုင်မြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ဆီဆိုင် ဇွန် ၂၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၀ ရက်က ပါလောပါကယ်ကျေးရွာအုပ်စု ဆိုက်ခေါင်ကျေးရွာရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာသင်တန်းကျောင်းဝင်း၌ ပြုလုပ်သည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ဆီဆိုင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ကျော်ရန်က အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သစ်ပင် စိုက်ပျိုးပွဲသို့ တက်ရောက်လာကြသူများလက်ဝယ်သို့ စိုက်ပျိုးမည့်သစ်ပင်များ ပေးအပ်ကြသည်။ သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း ၂၀၀၊ စိန်ပန်းနီ ၂၀၀၊ စိန်ပန်းပြာ ၂၀၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**



## ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

## သုံးခွမြို့နယ်၌ မိုးစပါးရာသီတွင် မိုးစပါးဧက ၁၅၃၆၆၇ ဧက စိုက်ပျိုးရန်လျာထား

**သုံးခွ ဇွန် ၂၁**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးရာသီတွင် မိုးစပါးစိုက်ပျိုးရန်ဧက ၁၅၃၆၆၇ လျာထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

ဒေသခံတောင်သူများ မိုးစပါးစိုက်ပျိုးချိန်အမီ ထွန်းယက်စိုက်ပျိုးနိုင်ရန် သုံးခွမြို့နယ်၌ ယခုနှစ် မိုးရာသီတွင် လျာထားချက်ပြည့်မီစွာ ဆောင်ရွက်နိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန



နှင့် တာဝန်ရှိသူများက မိုးစပါးလျာထားချက် ပြည့်မီစွာစိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

စပါးစိုက်ဧက တိုးတက်အောင် အထွက်နှုန်းတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးစေခြင်း၊ မျိုးကောင်းမျိုးသန့် ထုတ်လုပ်ခြင်း ရာသီဥတုကြောင့် စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးမှု မရှိစေရေးအတွက် ပြောင်းလဲလာသော ရာသီဥတုနှင့်ကိုက်ညီသော စိုက်ပျိုးရေးနည်းစနစ်များကို တောင်သူများ အသုံးပြုလာကြကြောင်း သိရသည်။

မိုးစပါးစိုက်ပျိုးရာတွင် ဒေသခံတောင်သူများအနေဖြင့် ၂၀၂၄-၂၀၂၅ ခုနှစ် မိုးစပါးစိုက်ပျိုးဧကအားဖြင့် ၁၅၃၆၁၀ စိုက်ပျိုးခဲ့ပြီး တစ်ဧကကို ပျမ်းမျှ ၇၃ ဒသမ ၁၄ တင်းထွက်ရှိကာ စပါးတင်းပေါင်း ၁၁၂၃၅၆၀၀ ထွက်ခဲ့ကြောင်း သိရပြီး ယခုနှစ်တွင် ဒေသခံတောင်သူများအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးမည့် စပါးမျိုးများမှာ မော်ဘီ ၃ မနောသုခ၊ ဆင်းသုခ၊ ရာကျော်၊ ရွှေဝါထွန်း၊ အောင်နိုင်တိုးမျိုးစပါးများကို စိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မြင့်အောင်ထံမှ သိရသည်။

**စည်သူလင်း(ပြန်/ဆက်)**

## လဲချားမြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**လဲချား ဇွန် ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် နောင်ပန်ကျေးရွာရှိ ဟိုလွယ်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန မြို့နယ်သစ်တောဦးစီးဌာနမှ ဦးဆောင်၍ ၂၀၂၅ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၇ နာရီတွင် ပြုလုပ်သည်။



ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနန်းတင့်က သစ်ပင်စိုက်ပျိုးပွဲ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ တပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ကျောင်းသားကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ ၃၅၀ ထံသို့ ကျွန်းပင် ၅၀၊ ကံ့ကော် ၁၀၊ ခရေ ငါးပင်၊ မဲဇလီ ၇၃၅ ပင်၊ မန်ကျည်းရှား ၁၀၀၊ ချယ်ရီ ၅၀ နှင့် မျောက်ငို ၅၀ စုစုပေါင်း ပျိုးပင် ၁၀၀၀ ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပေးအပ်ပြီး ပေ(၁၀ x ၁၀) ပန္နက်ဖြင့် စိုက်ပျိုးခဲ့ကြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပျိုးပင်များ စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကာလိမြို့၌ အပြည်ပြည်ဆိုင်ရာ ရာသီဥတုပြောင်းလဲမှုနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ကာလိ ဇွန် ၂၁**

ဇွန် ၂၁ ရက်နေ့တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ ရာသီဥတုပြောင်းလဲမှုနေ့အထိမ်းအမှတ် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်



ရေး၊ ရာသီဥတုကောင်းမွန်မျှတစေရေးနှင့် သစ်တောသစ်ပင်များကို တန်ဖိုးထားတတ်စေရေး စသည့်ရည်ရွယ်ချက်များဖြင့် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ် ကာလိမြို့ အမှတ်(၁၅၁) ခြေလျင်တပ်ရင်းတပ်ဝင်းအတွင်း ကွန်ဟိန်းမြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူး၍ ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

မိုးရာသီစုပေါင်းသစ်ပင် စိုက်ပျိုးပွဲတွင် စစ်ဗျူဟာအခြေချ(ကွန်ဟိန်း) စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ဝင်းသုအောင်၊ ကာလိမြို့ မြို့အုပ်ချုပ်ရေးမှူး ဦးစန်းမြင့်သန်းနှင့်ဝန်ထမ်းများ၊ ကွန်ဟိန်း မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အမှတ်(၁၅၁)ခြေလျင် တပ်ရင်းမှ မိသားစုဝင်များ၊ အ.ထ.က ကာလိကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်ဒေသခံတိုင်းရင်းသားပြည်သူများ စုစုပေါင်း ၁၅၀ တို့က ကျွန်းပင် ၃၀၀ နှင့် ရေသင်းဝင် ၃၀၀ စုစုပေါင်း အပင် ၆၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ကာလိ(ပြန်/ဆက်)**

## ကျောက်တံခါးမြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပွဲတော်အခမ်းအနား ကျင်းပ

**ကျောက်တံခါး ဇွန် ၂၁**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် သစ်တောဦးစီးဌာနမှ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပွဲတော်အခမ်းအနားကို ယမန်နေ့က ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ်(၈၅/၄)ဖာလုံလမ်းအရှေ့ဘက် ကာလူးကုန်းကျေးရွာအနီး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်ဆွေက အမျိုးသမီးရေးရာအဖွဲ့သို့ လည်းကောင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးနေလင်းဦးက မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့သို့ လည်းကောင်း ပျိုးပင်များကို ပေးအပ်ကြသည်။



အဆိုပါ အခမ်းအနားသို့ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်ဆွေနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ကာလူးကုန်းကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများ စုစုပေါင်း ၃၄၂ ဦးတို့က နှစ်ပေအထက်ရှိသော ပျိုးပင် ကျွန်း ၂၀၀၊ ပျဉ်းကတိုး ၂၀၀၊ ပိတောက် ၂၀၀၊ မဟော်ဂနီ ၂၀၀၊ မန်ကျည်းရှား ၂၀၀ စုစုပေါင်း ၁၀၀၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ဘီးလင်းမြို့နယ်၌ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဟောပြော

**ဘီးလင်း ဇွန် ၂၁**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အကြို အသိပညာပေးဟောပြောပွဲ၊ ပြပွဲ၊ ပြိုင်ပွဲများကို ဇွန် ၁၉ ရက်က ဘီးလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ ဘီးလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမျိုးမျိုးစံက မူးယစ်ဆေးဝါး၏အန္တရာယ်နှင့် ဆိုးကျိုးများအကြောင်းတို့ကို အသိပညာပေးဟောပြောသည်။

ထို့နောက် အမက(၂) ကန်သာယာကျောင်းမှ ကျောင်းသားကျောင်းသူများအား အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပုံပြင်ပြော၊ ကဗျာရွတ်၊ ပန်းချီဆွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲများကို ကျင်းပသည်။

ယင်းနောက် တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သုတ၊ ရသ စာအုပ်များ အသိပညာပေးနံရံကပ်စာစောင်များကို ပြသခဲ့ရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မော်လမြိုင်ကျွန်းမြို့နယ်၌ အခွန်ဆိုင်ရာပညာပေး ရှင်းလင်းပွဲကျင်းပ

**မော်လမြိုင်ကျွန်း ဇွန် ၂၁**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ ပြေစာအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များ ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က မြို့နယ်ပြည်တွင်းအခွန်များ ဦးစီးဌာနရုံး၌ ကျင်းပသည်။

အဆိုပါရှင်းလင်းပွဲတွင် မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စုစုလှိုင်က ပြည်တွင်းအခွန်များဦးစီးဌာန၏ လိုက်နာကျင့်သုံးနေသော အခွန်ဆိုင်ရာဥပဒေများ၊ တာဝန်ယူကောက်ခံလျက်ရှိသော အခွန်အမျိုးအစားများ၊ လုပ်ငန်းရှင်များနှင့် စားသုံးသူပြည်သူများ လိုက်နာဆောင်ရွက်ရန် အချက်များ၊ အခွန်အကြောင်းသိကောင်းစရာများ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ပြေစာအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများနှင့် တည်ဆဲအခွန်များဥပဒေအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

**ရဲကိုမောင်(ပြန်/ဆက်)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## တာမွေမြို့နယ်၌ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေနိုင်သောဆေးဝါးများအန္တရာယ် အသိပညာပေးဆွေးနွေးဟောပြော

**ရန်ကုန် ဇွန် ၂၁**

သဃ်န်းကျွန်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ တို့၏ ဦးဆောင်မှုဖြင့် တာမွေ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ် ပညာရေးဌာန၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း နှင့်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မူးယစ်ဆေးစွဲသူများ ပြန်လည် ထူထောင်ရေးအသင်း(မြန်မာ)ဇဟို တို့ ပူးပေါင်းကျင်းပသော မူးယစ် ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေ နိုင်သော ဆေးဝါးများအန္တရာယ် အသိပညာပေး ဆွေးနွေး ဟောပြောပွဲအခမ်းအနားကိုယမန် နေ့က ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ အမှတ်(၁) အခြေခံပညာ အထက် တန်းကျောင်း ပင်လုံခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် တာမွေ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဝင်း က အမှာစကားပြောကြားပြီး အမှတ်(၄၁) မူးယစ်တပ်ဖွဲ့စု (ရန်ကုန်အရှေ့ပိုင်း)မှ တပ်ဖွဲ့စုမှူး ရဲမှူး လှသိန်းစိုးက မူးယစ် ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေ နိုင်သော ဆေးဝါးများအန္တရာယ် အကြောင်းကို လည်းကောင်း၊ မူးယစ်ဆေးစွဲသူများ ပြန်လည် ထူထောင်ရေးအသင်း (မြန်မာ) ဇဟိုမှ ဥက္ကဋ္ဌ ဦးစံရှိန်က ကွမ်းစား ခြင်းအန္တရာယ် ခေါင်းစဉ်ဖြင့် လည်းကောင်း၊ တာမွေမြို့နယ်ရဲ တပ်ဖွဲ့မှူးရုံးမှ ရဲမှူးခင်မောင် ထွန်းက မူးယစ်ဆေးဝါးပပျောက် ရေး၊ အားကစားနှင့် ကုစားပေး ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မူးယစ်ဆေးစွဲသူများ ပြန်လည် ထူထောင်ရေးအသင်း (မြန်မာ) ဇဟိုမှ ကျောင်းသားလူငယ်ထု ဆက်သွယ်ရေး သံတမန်ဟာသ သရုပ်ဆောင် လူရွှင်တော် ဦးချစ် ချောက ကျောင်းသားလူငယ်ထု အတွင်း အလွယ်တကူ ဝင်ရောက် နိုင်သော မူးယစ်ဆေးဝါး အန္တရာယ် ကြိုတင်ကာကွယ်ခြင်း နှင့် ပတ်သက်၍ လည်းကောင်း အသိပညာပေး ရှင်းလင်း ဟောပြောသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

## ဒဂုံမြို့နယ်၌ မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေးဟောပြော

**ဒဂုံ ဇွန် ၂၁**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အလယ် တန်းကျောင်း ပတ္တမြားခန်းမ၌ ယမန်နေ့က မူးယစ်ဆေးဝါး အန္တရာယ်အသိပညာပေးဟောပြော ပွဲ၊ နံရံကပ်စာစောင်ပြပွဲ၊ စာအုပ် ပြပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ကျပန်းစကားပြော ပြိုင်ပွဲများ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကောင်းမြတ်ထွန်းက အမှာ စကားပြောကြားပြီး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ မြို့နယ်မှူး ဦးမျိုးဝင်းက မူးယစ်ဆေးဝါး သမိုင်းကြောင်း၊ မူးယစ်ဆေးဝါး သုံးစွဲ၊ လက်ဝယ် ကိုင်ဆောင်သည့် ပြစ်မှုနှင့် ပြစ်ဒဏ် အကြောင်း၊ မြို့နယ်ကျန်းမာရေး မှူး ဒေါက်တာရွှေပြည်က မူးယစ် ဆေးဝါးအန္တရာယ်နှင့် ကျန်းမာရေး အကြောင်း၊ မြို့နယ်ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လွဲ့လွဲ့အေး က မူးယစ်ဆေးဝါးကင်းစင်သည့် ပတ်ဝန်းကျင်တစ်ခုဖြစ်စေရန် လိုအပ် ကြောင်း ရှင်းလင်းဆွေးနွေး ဟောပြောကြသည်။

ဆက်လက်၍ မူးယစ်ဆေးဝါး အန္တရာယ်နှင့် ပတ်သက်သည့် ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ကျပန်း စကားပြောပြိုင်ပွဲကို ဆက်လက် ကျင်းပရာ ကဗျာရွတ်ဆိုပြိုင်ပွဲ တွင် Grade_5 မှ ကျောင်းသား မောင်ဘုန်းမြတ်ကိုကိုက ပထမ ဆု၊ မသွန်းရတီစံက ဒုတိယ ဆု၊ မောင်သော်ထက်အောင်က တတိယဆု ရရှိသည်။ ကျပန်း စကားပြောပြိုင်ပွဲတွင် Grade_9 မှ ကျောင်းသူ မအိမ့်ရွှေရည်ဖူးက ပထမ၊ မောင်အောင်ဘုန်းမြတ်ဇော် က ဒုတိယ၊ တတိယဆုကိုမောင်သု မြတ်ထူးတို့က ရရှိသည်။



ဆက်လက်၍ တက်ရောက် လာသောကျောင်းသားကျောင်းသူ များက ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်း ပြသထားသော နံရံကပ် စာစောင်များနှင့် စာအုပ်ပြပွဲကို စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြ သည်။

**လွဲ့လွဲ့(ပြန်/ဆက်)**

## ကြံခင်းမြို့ အထက(၁)၌ မှုခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

**ကြံခင်း ဇွန် ၂၁**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်း ဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် (အကြို) မှုခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို ယမန်နေ့က မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အခြေခံပညာဦးစီး ဌာနတို့ ပူးပေါင်း၍ ကြံခင်းမြို့ ရွာသစ်ရပ်ကွက်ရှိ အမှတ်(၁) အခြေခံ ပညာ အထက်တန်းကျောင်း အောင်ကျော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့(အတွင်းရေးမှူး) မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြည်စိုးက ကျောင်းသား ကျောင်းသူများအနေ ဖြင့် အခြားအရာများကိုအချိန်မပေးဘဲ အဓိကဖြစ်သည့် ပညာရေးကိုသာ ဦးတည်လျှောက်လှမ်းရမည်ဖြစ်ကြောင်း၊ မျိုးဆက်သစ်လူငယ်များ ဖြစ်သည့်အတွက် မူးယစ်ဆေးဝါးနှင့် ပတ်သက်သောကိစ္စများကို လက်တည့်မစမ်းကျရန် ပြောကြားပြီး မှုခင်းကျဆင်းရေးနှင့် မူးယစ် ဆေးဝါးသုံးစွဲခြင်းကြောင့် ခံစားရသော စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာ ရောဂါများ၊ မူးယစ်ဆေးဝါး၏ ဆိုးကျိုးအန္တရာယ်အကြောင်းများကို ကျောင်းသား ကျောင်းသူများက သတိပြုလိုက်နာသင့်သည့်အချက် များကို အသိပညာပေးဟောပြောသည်။ ဆက်လက်၍ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်သိမ်းကျော်က လမ်းအသုံးပြုသွားလာရာတွင် အန္တရာယ်တွေ့နိုင် သည့် အကြောင်းအရာများကို အသိပညာပေးဟောပြောပြီး မြို့မ ရဲစခန်းမှ ဒုရဲအုပ် ဇော်ဝင်းအောင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အကြောင်းကို လည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီး အရာရှိ ဒေါ်ကေသီခိုင်က အမှိုက်အမျိုးအစားလေးမျိုး ခွဲခြားစွန့်ပစ်ရေး အကြောင်းအရာများကို ဟောပြောကြသည်။



အဆိုပါဟောပြောပွဲသို့ တက်ရောက်လာကြသော ဆရာ ဆရာမ များနှင့် ကျောင်းသား ကျောင်းသူများအား မြို့မရဲစခန်းမှ ယာဉ် စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**



## အ.ထ.က(ထန်းမနိုင်)ကျောင်း၌ရှေးဦးပြုစုခြင်း အခြေခံသင်တန်း (၂/၂၀၂၅) ဖွင့်

**ကော့မှူး ဇွန် ၂၁**

မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ကြက်ခြေနီ အသင်းခွဲတို့ ပူးပေါင်းဖွင့်လှစ်သော ရှေးဦးပြုစုခြင်းသင်တန်းဖွင့်ပွဲ အခမ်း အနားကို ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် အခြေခံ ပညာအထက်တန်းကျောင်း အ.ထ.က(ထန်းမနိုင်)ကျောင်း၌ ကျင်းပ သည်။

ဦးစွာ တွံတေးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦးက အမှာစကားပြောကြားပြီး ကြက်ခြေနီတပ်ဖွဲ့ဝင် များအတွက် ထောက်ပံ့ငွေများကို မြို့နယ်ကြက်ခြေနီအသင်းခွဲမှ မြို့နယ် တပ်ဖွဲ့မှူး ဦးအောင်ကျော်စိုးထံ ပေးအပ်သည်။

ဆက်လက်၍ မြို့နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါ်ခင်ပြုံးကြည်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားပြီး အ.ထ.က(ထန်းမနိုင်)ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ရှိန်က ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါသင်တန်းသို့ အခြေခံပညာအထက် တန်းကျောင်း အ.ထ.က (ထန်းမနိုင်)မှ ကျောင်းသား ကျောင်းသူ ၃၀ တက်ရောက်ကြပြီး မြို့နယ် ကြက်ခြေနီအသင်းခွဲမှ မြို့နယ်တပ်ဖွဲ့မှူး ဦးအောင်ကျော်စိုးနှင့် နည်းပြ ခြောက်ဦးက နေ့စဉ် နံနက် ၉ နာရီမှ ၄ နာရီခွဲအထိ ရှေးဦးပြုစုခြင်း အကြောင်းသိကောင်းစရာများ၊ လူနာတစ်ဦးအား တွေ့ရှိပါက ဆန်းစစ် ရမည့်အချက်များ၊ သွေးယိုထွက်သောလူနာအားပြုစုနည်း၊ အရိုးကျိုး သောလူနာအား ပြုစုနည်း၊ အပူလောင်သောလူနာအား ပြုစုနည်း၊ နှာခေါင်းသွေးယိုသောလူနာအားပြုစုနည်း၊ သတိလစ်သောလူနာအား ပြုစုနည်း စသည်တို့ကို သုံးရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချ ပေးမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သူရ(ကော့မှူး)**



## ကော့သောင်းမြို့၌ မုန်တိုင်းအန္တရာယ်တုံ့ပြန် ဆောင်ရွက်ရေးသရုပ်ပြလေ့ကျင့်ခြင်း ဆောင်ရွက်

**ကော့သောင်း ဇွန် ၂၁**

ကော့သောင်းခရိုင် မီးသတ်ဦးစီးဌာနမှ မုန်တိုင်းအန္တရာယ်တုံ့ပြန် ဆောင်ရွက်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို ယမန်နေ့က ကော့သောင်း မြို့နယ် ပုလုံးတုံတုံးကျေးရွာ ဆိုင်ကလုန်းရှပ်တာ၌ ကျင်းပသည်။

ဦးစွာ သရုပ်ပြလေ့ကျင့်ခြင်းဆောင်ရွက်ရန်အတွက် ရှာဖွေ ကယ်ဆယ်ရေးပစ္စည်းများ အသင့်အနေထားပြင်ဆင်ဆောင်ရွက်ထား ရှိ၍ ခရိုင်မီးသတ်ဦးစီးမှူး ဦးမျိုးသူရဝင်းက ခရိုင်နှင့်မြို့နယ် မီးသတ် စခန်းတပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တာဝန်ရှိသူများအား တာဝန် ခွဲဝေချထား ဆောင်ရွက်ခဲ့သည်။ ယင်းနောက် မုန်တိုင်းဘေးအန္တရာယ် သရုပ်ပြလေ့ကျင့်ခြင်းကို ဆက်လက်ဆောင်ရွက်ရာ တာဝန်ရှိသူများ က မုန်တိုင်းဘေးအန္တရာယ် သတိပေးနှိုးဆော်ပြီးသည်နှင့် တစ်ပြိုင်နက် ကျေးရွာနေပြည်သူများ၊ ကျောင်းသား ကျောင်းသူများ နီးစပ်ရာ ဆိုင်ကလုန်းရှပ်တာသို့ ဝင်ရောက်ခိုလှုံကာ ကူညီကယ်ဆယ်ရေးအဖွဲ့ များနှင့် မိတ်ဖက်အဖွဲ့အစည်းများက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကူညီရွှေ့ပြောင်းပေးခြင်း၊ ဆေးကုသမှုဆောင်ရွက်ပေး ခြင်းနှင့် အရေးပေါ်လူနာများအား ဆေးရုံသို့ပို့ဆောင်ခြင်းများ သရုပ်ပြ လေ့ကျင့်ခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

# ကော့သောင်းမြို့တွင် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီပြိုင်ပွဲ ကျင်းပ

**ကော့သောင်း ဇွန် ၂၁**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီပြိုင်ပွဲကို ယမန်နေ့ နံနက်ပိုင်းက ကော့သောင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။



အဆိုပါ ပန်းချီပြိုင်ပွဲတွင် ကော့သောင်းမြို့နယ် အတွင်းမှ အခြေခံပညာကျောင်းများ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၅၈ ဦးတို့က“အနာဂတ်ပန်းများ ပွင့်လန်းဖို့ မူးယစ်အန္တရာယ်ကာကွယ်စို့” ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ကြပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများက လိုက်လံကြည့်ရှုအားပေးသည်။

အဆိုပါ ပြိုင်ပွဲအပြီးတွင် ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများ၏ ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ပန်းချီကားများကို ပန်းချီပညာရှင်နှင့် အကဲဖြတ်စိစစ်ဆေးအဖွဲ့တို့က အကဲဖြတ်စိစစ်ဆေး၍ ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပန်းချီပညာရှင် ဦးလှမိုးထွန်းက ပန်းချီ အနုပညာနှင့်ပတ်သက်၍ သိသင့်သိထိုက်သည်များကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက ဆုရရှိသူများအား ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# ခရမ်းမြို့နယ်အတွင်းရှိ ကျေးရွာများသို့ အမျိုးသားတီဘီရောဂါ တိုက်ဖျက်ရေးစီမံကိန်း (ဗဟို-ရန်ကုန်ရုံးခွဲ)မှ ကွင်းဆင်းဆေးကုသပေး

**ခရမ်း ဇွန် ၂၁**

အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း (ဗဟို-ရန်ကုန်ရုံးခွဲ) ရန်ကုန်တိုင်းဒေသကြီး တီဘီရောဂါတိုက်ဖျက်ရေးဌာနမှ နယ်လှည့်ဆေးကုသအဖွဲ့နှင့် မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်အတွင်းရှိ ကျေးရွာများသို့ ကွင်းဆင်းပြီး ကျေးရွာနေပြည်သူများအား လာရောက်ဆေးကုသပေးခဲ့သည်။

အဆိုပါ နယ်လှည့်ဆေးကုသမှု ဆောင်ရွက်ရာတွင် ရန်ကုန်တိုင်းဒေသကြီး တီဘီရောဂါတိုက်ဖျက်ရေးဌာနမှ အထွေထွေရောဂါကုဆရာဝန်များက ဇွန် ၁၆ ရက်မှ ၂၀ ရက်အထိ ကျေးလက်နေ ပြည်သူများအား ဆေးကုသမှုများ ဆောင်ရွက်ပေးရာ လူနာစုစုပေါင်း ၈၆၅ ဦးအား အထွေထွေကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ပြီး ၈၃၇ ဦးအား ဓာတ်မှန်ရိုက်စစ်ဆေးပေးခြင်း၊ တီဘီရောဂါရှာဖွေပေးခြင်း၊ လူနာ ၃၀ ကို သလိပ်စစ်ဆေးပေးခြင်းတို့ ဆောင်ရွက်ပေးသည်။

တီဘီရောဂါစစ်ဆေးခြင်းနှင့်အတူ အထွေထွေရောဂါများ စစ်ဆေးကုသခြင်းများကို ခရမ်းမြို့နယ်အတွင်းရှိ ကင်မွန်းခြံကျေးရွာ၊ ဘုရားပျံကျေးရွာ၊ ကမာမတ်ကျေးရွာ၊ ပိန်းကန်ကျေးရွာ၊ တမံကြီးကျေးရွာတို့တွင် ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ခရမ်း(ပြန်/ဆက်)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၂၁**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် ဇွန် ၂၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Sai Kaung Htet” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ရွာဘဲရပ်ကွက်နေ ကောင်းထက်(ခ) ဖိုးသားနှင့် တစ်ရပ်ကွက်တည်းနေ “Khin Thet Wai” Facebook အကောင့်ပိုင်ရှင် ဖြစ်သူ ခင်သက်ဝေတို့ နှစ်ဦးအား နံနက် ၉ နာရီ မိနစ် ၄၀ တွင် ပြည်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၁**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။




ထိုသို့ ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇွန် ၁၈ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ THAI Airways လေယာဉ်ခရီးစဉ် အမှတ် TG-303/ SF – 5813 ဖြင့် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ လိုက်ပါလာသည့် မြန်မာနိုင်ငံသား ခရီးသည်နှစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၁၀၀၀၀) ကို လည်းကောင်း၊ ဇွန် ၂၀ ရက်တွင် အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၈၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်(ကုန်လှောင်ရုံ)၌ကုမ္ပဏီမှ စွန့်လွှတ်ကြောင်း တင်ပြလာသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၅၁၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇွန် ၁၉ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လားရှိုးမြို့ ရေပူစမ်းလမ်းဆုံ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မူဆယ်မြို့မှ လားရှိုးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း ၃၁ မျိုး၊ စားသောက်ကုန်ပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၂၀၇၃၂၀၀) နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၂၀၇၃၂၀၀ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇွန် ၂၀ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် ဇာသပြင်ပူးပေါင်း စစ်ဆေးရေးဂိတ်၌ သာမညမှ မော်လမြိုင်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Isuzu Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကို လည်းကောင်း၊ သံလွင်တံတားပူးပေါင်း စစ်ဆေးရေးဂိတ် (တရုတ်လှဘက်ခြမ်း)၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း နှစ်မျိုး၊ လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် KIA PREGIO တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၃၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သံလွင်တံတား (မော်လမြိုင်) ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၂၉၀၀၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၂၉၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇွန် ၂၀ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှု စာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် ၁၃ စီးနှင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် ၄၅ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇွန် ၁၈ ရက်၊ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၈မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၀၇၇၃၂၀၀) ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင် ကုန်သွယ်မှုများသည် အဓိကအဟန့်အတား ဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးသီးကြွေခြင်းများ ဖြစ်ပေါ်နိုင်

**နေပြည်တော် ဇွန် ၂၁**


ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့် လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညမှ ဇွန် ၂၅ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်း ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် / မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**


သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၁-၆-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၂-၆-၂၀၂၅ ရက်နေ့မှ ၂၃-၆-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၁-၆-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၄-၆-၂၀၂၅ ရက်နေ့မှ ၂၅-၆-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ






## မော်လမြိုင်ကျွန်းမြို့နယ်၌ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ကွင်းဆင်းသရုပ်ပြ

**မော်လမြိုင်ကျွန်း ဇွန် ၂၁**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် အမှတ် (၇) ရပ်ကွက် ပိတောက်လမ်းကမ်းနားနှင့် သဲလမ်းကမ်းနားဆိပ်တို့၌ တုံးလုံချောင်းမြစ်အတွင်း သွားလာပြေးဆွဲနေသော ရေယာဉ်များအား ခရီးသွားပြည်သူများနှင့် တာဝန်ရှိသူများ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ယနေ့နံနက်တွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမျိုးဇော်က ရေလမ်းခရီးသွားပြည်သူများအား အသက်ကယ်ဝတ်စုံများ ဝတ်ဆင်ပုံနှင့် မိမိတို့နေအိမ်များတွင် အလွယ်တကူရရှိနိုင်သည့် ရေသန့်ဘူးများ၊ ရေပုံးများနှင့် အသက်ကယ်ဝတ်စုံပြုလုပ်ပုံ အဆင့်ဆင့်တို့ကိုပြသခဲ့ပြီး မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇာဇာလင်းနှင့် ဝန်ထမ်းများက သဘာဝဘေးအန္တရာယ်ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

အဆိုပါဆောင်ရွက်နေမှုများကို မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့်အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ရဲကိုမောင်(ပြန်/ဆက်)**

## MFF Amateur Futsal Cup 2025 ပြိုင်ပွဲ ပထမအဆင့်ရှုံးထွက်ပွဲစဉ် လေးပွဲ ကျင်းပမည်

**နေပြည်တော် ဇွန် ၂၁**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ဘောလုံးကော်မတီက စီစဉ်ကျင်းပသည့် Amateur Futsal Cup 2025 ပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များ မဲနှိုက်ရေးဆွဲပွဲကို ဇွန် ၂၁ ရက်က ကျင်းပပြီး ပထမအဆင့်ရှုံးထွက်ပွဲများကို ဇွန် ၂၂ ရက်တွင် ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲကို ငါးသင်း အုပ်စု ၁၀ ခုခွဲ၍ ကျင်းပခဲ့ပြီး အုပ်စုတစ်ခုစီမှ အမှတ်အများဆုံးရရှိသည့် နှစ်သင်းစီ နောက်တစ်ဆင့် တက်ရောက်ခဲ့ခြင်းဖြစ်သည်။ ရှုံးထွက်အဆင့် တက်ရောက်လာသည့် အသင်း ၂၀ အနက် အုပ်စုပထမရရှိသော ၁၀ သင်းနှင့် ဒုတိယနေရာရရှိသော ၁၀ သင်းအနက် နှစ်သင်းမှာ ၁၆ သင်းအဆင့်မှ စတင်ကစားရပြီး ကျန်ရှစ်သင်းမှာမူ ပထမအဆင့် ရှုံးထွက်ပွဲကစားရကာ အနိုင်ရသည့်လေးသင်းမှာ ၁၆ သင်းရှုံးထွက်အဆင့်သို့ တက်ရောက်ကစားခွင့်ရမည်ဖြစ်သည်။ ပွဲစဉ်ရေးဆွဲမှုအရ ပထမအဆင့် ရှုံးထွက်ပွဲတွင် Mighty Hornets အသင်းနှင့် တော်ဝင်နန်းအသင်း၊ Einme City အသင်းနှင့် Kyaung Sayar Tharhtwe အသင်း၊ ကျော်လုအသင်းနှင့် Warm Brother အသင်း၊ ကြယ်စင်လင်းအသင်းနှင့် AON အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပထမအဆင့်ရှုံးထွက်ပွဲများကို ဇွန် ၂၂ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ၁၆ သင်း ရှုံးထွက်အဆင့်ပွဲစဉ်များကို ဇွန် ၂၃၊ ၂၄ ရက်တွင် ပြုလုပ်မည်ဖြစ်သည်။

**ညီမြတ်သော်တာ၊ ဓာတ်ပုံ-MFF**



Amateur Futsal Cup 2025 ပြိုင်ပွဲ ရှုံးထွက်အဆင့် မဲနှိုက်ရေးဆွဲပွဲ ပြုလုပ်စဉ်။

❑ *ကျောဖုံးမှ*

ကွင်းဆက်စစ်ဆေး ဖော်ထုတ်ချက်အရ ယင်းနေ့ည ၉ နာရီခွဲတွင် မူးယစ်ဆေးဝါးများ တင်ပေးခဲ့သူ ကျော်ကြီး(ခ)ကျော်မင်းအောင်အား အောင်မြေသာစံမြို့နယ် ၈၈(A)လမ်း၊ ၂၂ x ၂၃ လမ်းကြားရှိ ကားဂိတ်တွင် ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ဖော်ထုတ်ချက်အရ ဇွန် ၁၁ ရက် နံနက် ၉ နာရီတွင်မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မဟာမြိုင်(၂) ရပ်ကွက်၊ ၆၁ လမ်း၊ ၄၂ x ၄၃ လမ်းကြားရှိ သန်းသန်းမိုး၏ နေအိမ်အား ရှာဖွေရာ ဘိန်းဖြူမှုန့် အလေးချိန် ၁၇ ဒသမ ၄၂၄ ကီလိုထပ်မံဖမ်းဆီးရမိခဲ့ပြီး ယင်းနေ့ ညနေ ၅ နာရီတွင် မူးယစ်ဆေးဝါးများ လာရောက်ပို့ပေးခဲ့သူ မအေးမြင့်(ခ)မလုအား ဆက်လက်ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်များအရ မန္တလေးမှကလေးသို့ ဘိန်းဖြူများ တင်ပို့ရောင်းချသူ ဒေါ်တင်ဦး(ခ)ဒေါ်အုန်းအား ဇွန် ၁၄ ရက် ညနေ ၅ နာရီတွင် ချမ်းမြသာစည်မြို့နယ် ၆၇ လမ်း၊ ၁၀၅ x ၁၀၆ လမ်းကြားတွင် ဖမ်းဆီးရမိခဲ့ကာ ဒေါ်တင်ဦး(ခ)ဒေါ်အုန်း၊ ၎င်း၏ သားဖြစ်သူ ဟိန်းလတ်နှင့်ဇနီး အေးအေးအောင်(ခ)မပိတို့ သုံးဦးမှာ အုန်းချောနယ်မြေရဲစခန်းမှ မူးယစ်အမှုဖြင့် အလိုရှိ တရားခံပြေးများဖြစ်ပြီး ဖမ်းဆီးရမိမှုဖြစ်စဉ်တွင် မန္တလေးမှကလေးသို့ဘိန်းဖြူသယ်ဆောင်ရောင်းဝယ်သူများကို ငွေကျပ်သိန်း ၉၂၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူ ၂၄ ဒသမ ၃၅ ကီလိုကျော်နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့၏ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

✻*ကျောဖုံးမှ*

YRG အသင်းက အား/ကာသိပ္ပံအသင်းကို သုံးဂိုး - နှစ်ဂိုး၊ Thunder Tigresses အသင်းက Winner Generations အသင်းကို ခြောက်ဂိုး - နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ပြိုင်ပွဲအစ နှစ်ပွဲဆက်တိုက်အနိုင်ရထားသည့် ရန်ကုန်စီးတီးအသင်းသည် ပွဲစဉ် (၃) တွင် ပထမဆုံးရှုံးပွဲကြုံတွေ့ကာ ထိပ်ဆုံးမှ ဖယ်ပေးခဲ့ရပြီး Divine အသင်းနှင့် YRG အသင်းတို့က ဇယားထိပ်ပိုင်းသို့ ရောက်ရှိလာသည်။



Thunder Tigresses အသင်းနှင့် Winner Generations အသင်း ယှဉ်ပြိုင်စဉ်။

ပွဲစဉ် (၃) တွင် Divineအသင်းနှင့် YRG အသင်းတို့ ခုနစ်မှတ်စီရထားပြီး Divine အသင်းက ဂိုးကွာခြားချက်အသာဖြင့် ထိပ်ဆုံးတွင် ဦးဆောင်နေကာ ယင်းနှစ်သင်းနောက်တွင် ရန်ကုန်စီးတီး၊ Pacific Sun Far နှင့် Thunder Tigresses အသင်းတို့က ခြောက်မှတ်စီ၊ အား/ကာသိပ္ပံအသင်းက သုံးမှတ်ရရှိထားကာ Winner Generations အသင်းနှင့် မဂ်လာဒုံစီးတီးအသင်းတို့က သုံးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

**ရဲရင့်လွင်**
**ဓာတ်ပုံ-MFF**

❖*ကျောဖုံးမှ*

ဘိုင်ယန်မြူးနစ်အသင်းသည် ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ အဖွင့်ပွဲစဉ်တွင်လည်း ပြိုင်ဘက်အော့ကလန်အသင်းကို ၁၀ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိထားသည်။

အဖွင့်ပွဲစဉ်တွင် ဘင်ဖီကာကို သရေကျခဲ့သော ဘိုကာဂျူနီယာအသင်းသည် ယခုပွဲစဉ်တွင် ရလဒ်ကောင်းရရှိရေး အကောင်းဆုံး ပြင်ဆင်လာသော်လည်း ကမ္ဘာ့ထိပ်တန်းအဆင့် ကစားသမားအများအပြား ပိုင်ဆိုင်ထားသည့် ဘိုင်ယန်မြူးနစ်အသင်း၏ ဖိအားပေးကစားမှုအောက် ပုံစံကောင်းပျောက်ဆုံးခဲ့သည့်အတွက် ရှုံးပွဲကြုံတွေ့ခဲ့ရသည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် နှစ်ပွဲကစား နှစ်ပွဲနိုင် ရမှတ် ခြောက်မှတ်ဖြင့် အုပ်စုပွဲစဉ်မပြီးဆုံးမီ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။ ပြိုင်ဘက်ဘိုကာဂျူနီယာအသင်းက နှစ်ပွဲကစားပြီး ရမှတ် တစ်မှတ်သာ စုဆောင်းရရှိထားသေးသည်။

ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲမှ အခြားပွဲစဉ်ရလဒ်များတွင် ဖလာမင်ဂိုအသင်းက တစ်ယောက်လျော့ ချယ်ဆီးအသင်းကို သုံးဂိုး-တစ်ဂိုး၊ အီးအက်စ်တူးနစ်က အယ်အေအက်ဖ်စီကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲအသီးသီး ရရှိခဲ့သည်။

**အောင်ဇော်**

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

# ကျေးဇူးတင်လွှာ

(၁၆-၆-၂၀၂၅)ရက်မှ (၂၁-၆-၂၀၂၅)ရက်အထိ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်ပြည်ထောင်စုနယ်မြေတို့အတွက် ပြန်လည်ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်စွာပြီးစီးအောင် ကျင်းပနိုင်ရေးအတွက် စာမေးပွဲမတိုင်မီနှင့် စာမေးပွဲကာလတစ်လျှောက်လုံး ဝိုင်းဝန်းကူညီပံ့ပိုးပေးခဲ့ကြသည့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနစသည့် ဝန်ကြီးဌာန အသီးသီးတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးမှ အစိုးရအဖွဲ့ဝန်ကြီးချုပ်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆရာဝန်များ၊ သူနာပြုများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့သားများ၊ တက္ကသိုလ် အသီးသီးမှ ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ပညာရေးဒီဂရီ ကောလိပ်များမှ ကျောင်းအုပ်ကြီးများ၊ ဒုတိယကျောင်းအုပ်ကြီး များ၊ ဆရာ ဆရာမများ၊ အခြေခံပညာဦးစီးဌာနမှ တိုင်းဒေသကြီး/ ပြည်နယ်ပညာရေးမှူးများ၊ ခရိုင်ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသား မိဘများ၊ ရပ်မိရပ်ဖများနှင့် အခြား ကျေးဇူးတင်ထိုက်သူများအားလုံးကို ပညာရေးဝန်ကြီးဌာနက လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

**ပညာရေးဝန်ကြီးဌာန**

## အမည်ပြောင်း

မူဆယ်မြို့၊ အောင်ကိုယ်ပိုင်ကျောင်း/G-4 တန်းမှ (ဘ-ဦးသီဟဇော်)၏သား မောင်မြတ်သူထူးအား မွေးစာရင်းအရ မောင်သုတလင်းထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**ဘ-ဦးသီဟဇော်**
**၁၂/မဘန(နိုင်)၁၁၁၉၃၁**

## အမည်ပြောင်း

ဦးအေးကိုနိုင်နှင့် ဒေါ်သိန်းဥခင်တို့၏သား ရွှေပေါက်ကံ့ မြောက်ဥက္ကလာပမြို့နယ်၊ အလက Standard (2) Grade-2 အောင်မှ မောင်ဘုန်းခန့်ကိုအား မောင်ပြည်ဟိန်းသာဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(၆)၊ ဦးပိုင်အမှတ် (၄၉-က)၊ ၇၈လမ်း၊ ၃၉x၄၀လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ဇာဇာဝင်း ၁၃/တမည(နိုင်)၀၀၅၃၆၇၊ ဦးဇော်လင်းဦး ၁၃/တမည(နိုင်)၀၀၅၃၆၈၊ ဦးမျိုးမင်းလတ် ၁၃/တမည(နိုင်)၀၀၅၃၆၉တို့က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ သံလျက်မော်အရှေ့ရပ်ကွက်၊ အကွက်အမှတ်(၄၃၀)၊ ဦးပိုင်အမှတ် (၈-ဇ/၁ ခဲစင်းမြောက်ခြမ်း)၊ ၈၆လမ်းနှင့် သင်္ဂဇာချောင်းလမ်း၊ ၄၁လမ်းနှင့် မေတ္တာလမ်းကြားရှိ ဒေါ်မြသွယ်၊ ဒေါ်အမာ၊ ဦးမောင်မောင်လှအမည်ပေါက်ဂရန်မြေကွက်အားဒေါ်မြသွယ် ၉/မနတ(နိုင်)၀၈၈၅၇၇၊ ဒေါ်အမာ ၉/မနတ(နိုင်)၀၈၈၅၇၈တို့ထံမှ မှတ်ပုံတင်စွန့်လွှတ်စာချုပ်အမှတ်(၇၆/၂၀၀၂) ဖြင့် စွန့်လွှတ်ခြင်းကိုလက်ခံသူ ဦးမောင်မောင်လှ ၉/မနတ(နိုင်)၀၈၈၅၃၃ က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(၈၀-၃)၊ ဦးပိုင်အမှတ် (၆၈-ခ)၊ ၅၇x၅၈ကြား၊ ၁၀၃x၁၀၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစိုးဝင်းနိုင်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၅၃/၂၀၂၁) ဖြင့် ဝယ်ယူခဲ့သူ ဦးကျော်ဇောလင်း ၈/ပခက(နိုင်)၁၉၅၄၇၃ ၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၈၇/၂၀၂၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးကိုကိုလတ် ၁၃/လရန(နိုင်)၁၃၂၈၆၆က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(၈၀-၄)၊ ဦးပိုင်အမှတ် (၄၆-ခ)၊ ၅၆ x ၅၇ကြား၊ ၁၀၃ x ၁၀၄ကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးရဲနိုင် ၉/မမန(နိုင်)၀၁၃၅၀၃(YSO-၁၂၇၄၁) ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၄၂၅/၂၀၁၉)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးအဝါ ၉/မရတ(နိုင်)၀၃၃၇၀၃က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ သမိုင်းဘူတာရုံလမ်း၊ အမှတ်(၂၁၉)၊ မူလအမည်ပေါက်မြေရှင် ဦးစန်းမြင့် ၁၂/မရက(နိုင်)၀၂၂၂၈၉ ၏ မြေပေါ်တွင်ဆောက်လုပ်ထားသော ၂ ခန်းတွဲ ၆ ထပ်တိုက်ရှိ တိုက်ခန်းများအနက် ကန်ထရိုက်တာအကျိုးခံစားခွင့်အခန်းဖြစ်သော (၅)လွှာ၊ ခြေရင်းခန်း၊ အကျယ်အဝန်း ၁၂ ပေx၅၀ ပေ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်၍ လက်ရောက်ရရှိထားသူ ဒေါ်ပြုံးမော်မြင့် ၁၃/တကန(နိုင်)၂၉၂၉၂၇ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်စိန်စိန် (ဘ) ဦးတင်ငွေ ၁၂/လယရ(နိုင်)၀၁၆၄၉၉ မှ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူများအနေဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ပိုင်ဆိုင်မှုအထောက် အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်စိန်စိန်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဂျူလိုင်မိုး(LL.B)D.B.L စဉ်-၅၂၀၇၃ ဒေါ်မြတ်နိုးသူ(LL.B) စဉ်-၅၆၀၈၁**
**အထက်တန်းရှေ့နေများ**
**အမှတ်(၇၉၅/ခ)၊ လေးကျွန်းဇမ္ဗူလမ်း၊ ၅၄ ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ဖုန်း-၀၉-၄၅၆၁၃၃၄၄၆၊ ၀၉-၇၇၂၆၁၇၅၉**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် ၈၈-၁၊ ဦးပိုင်အမှတ် ၄၂-က၊ ၅၉-B လမ်း၊ ၁၀၄x၁၀၅ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်သန်း ၉/ရမသ(နိုင်)၀၁၇၀၄၅ ၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၁/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ဆွေဇင်ကျော် ၁၄/ပသန(နိုင်)၁၅၂၃၆ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် ၈၈-၁၊ ဦးပိုင်အမှတ် ၄၂-ခ၊ ၅၉-B လမ်း၊ ၁၀၄x၁၀၅ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်သန်း ၉/ရမသ(နိုင်)၀၁၇၀၄၅ ၏ အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ်(၁၁/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ဆွေဇင်ကျော် ၁၄/ပသန(နိုင်)၁၅၅၂၃၆ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့၊ အမှတ်(၁၂)ရပ်ကွက်၊ နယ်မြေ(၁၃)နေ ဒေါ်မာမာအေး ၉/မခန(နိုင်)၀၂၂၁၂၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဒေါ်မာမာအေး၏ သားကြီးဖြစ်သူ ကိုတင်စိုးအောင် ၉/မခန(နိုင်) ၂၁၆၀၄၀ သည် မိခင်ဖြစ်သူအား အရက်မူးပြီးသတ်မည်ဟု ကြိမ်းဝါးခြိမ်းခြောက်ခြင်း၊ ရိုင်းစိုင်းစွာ ဆဲရေးတိုင်းတာခြင်း၊ မိဘများ၏ ငွေကြေးဥစ္စာများကိုလည်း ဖြုန်းတီးခြင်းများ အကြိမ်ကြိမ်ပြုလုပ်သည့်အပြင် မိခင်ဖြစ်သူအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်သည့်အတွက် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စရပ်များအား ဖြေရှင်းဆောင်ရွက်ပေးမည် မဟုတ်ပါကြောင်းနှင့် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်မာမာအေး**

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ပြည့်ပြည့်ဖြိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၄၁၁၂/၁၈)**
**အိမ်အမှတ်-၁၈၄၊ အမှတ်(၇)ရပ်ကွက်၊ မြင်းခြံမြို့**
**ဖုန်း-၀၉-၄၀၁၆၆၀၀၆၈၊ ၀၉-၇၉၈၇၆၄၈၄၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ မုံရွာတောင်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၆၈၁-လေ့ကူးတောင်)၊ ဦးပိုင်အမှတ်/ မြေကွက်အမှတ် (၁၅၊၁၆၊၁၇၊၁၉၊၂၀၊ F-60))၊ ဧရိယာ ၀ ဒသမ ၈၉ ဧကရှိမြေသည် မြို့မြေအမှုတွဲအမှတ်၊ ၁၆၉ ၁၉၉၅-၁၉၉၆ အရ ဦးသန်းဝေ အမည်ဖြင့် (၂၃-၆-၁၉၉၅)မှ (၂၂-၆-၂၀၂၅)အထိ နှစ်(၃၀) မြေငှားစာချုပ် ရရှိထားသော မြေကွက်အား ဒေါ်မိုးဆွေ ပါ(၃)ဦးမှ မြေငှားစာချုပ် (အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာကြော်ငြာသည့် ၁၆-၆-၂၀၂၅ ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်း ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အမည်ပြောင်း၊ သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(သ-၁)၊ ဦးပိုင်အမှတ် (၃၆)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်သည် ဦးမျိုး အမည်ပေါက် ပိုင်ဆိုင်သော မြေကွက် ဖြစ်ပါသည်။ ဦးမျိုးထံမှ ကျွန်ုပ်မိတ်ဆွေ စိုင်းကျော်လှက အရောင်းအဝယ်အရပ်ကတိစာချုပ်ချုပ်ဆိုခဲ့ပြီး လက်ရှိနေထိုင်ပိုင်ဆိုင်လျက်ရှိပါသည်။ အဆိုပါ အရောင်းအဝယ်ကတိစာချုပ်တွင် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အား ချုပ်ဆိုလိုသည့်အချိန်တွင် အချိန်မရွေး ချုပ်ဆိုပေးပါမည်ဟု ဝန်ခံကတိပြုထားခဲ့၍ ဤကြေညာသည့်ရက်မှစပြီး (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ဆက်သွယ်ပါရန် အကြောင်းကြားအပ်ပါသည်။ အကယ်၍ လာရောက်ဆက်သွယ်ခြင်းမရှိပါက အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်တော့မည်ဖြစ်ကြောင်း ဦးမျိုးနှင့်တကွ အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နန္ဒီထက်အောင် (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၇၉၀)**
**၆၅x၆၆ လမ်းကြား၊ ရေနီမြောင်းလမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း ၀၉-၂၅၉၀၄၅၅၃၃**

## အများသိစေရန်အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာမြို့သစ်ရပ်ကွက်၊ အကွက်အမှတ် (ဗ-၄)၊ ဦးပိုင်အမှတ် (၈၂-ခ)နေ ဦးတင်စိုး (ဘ) ဦးအောင်သိန်း ၉/ငဇန(နိုင်) ၀၂၂၄၀၈ မှ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

အထက်အကြောင်းရာပါ ကိစ္စနှင့်ပတ်သက်၍ မန္တလေးမြို့၊ ကန်သာယာမြို့သစ်ရပ်ကွက်၊ အကွက်အမှတ်(ဗ-၄)၊ ဦးပိုင်အမှတ် (၈၂-ခ) ၊ ဧရိယာ .၀၁၅၅ ဧက ဦးကျော်ငြိမ်း (ဘ) ဦးစိုး (WMDY-၃၃၆၇၅၈) အမည်ပေါက်ပိုင်ဆိုင်သောမြေနှင့် မြေပေါ်ရှိ အကျိုး ခံစားခွင့်အရပ်ရပ်တို့အား (၁၉-၁-၁၉၉၃)ရက်နေ့တွင် ဦးကျော်ငြိမ်းမှ ဒေါ်ဝင်းဝင်းငွေး (ဘ) ဦးထွန်းစိန် ၉/မနမ(နိုင်)၀၄၈၇၁၁ သို့ ကတိစာချုပ်ဖြင့် အပြီးအပိုင်ရောင်းချခဲ့ပြီး၊ ဒေါ်ဝင်းဝင်းငွေးမှ ဦးအောင်သိန်းသို့ (၁၅ x ၄၅)ပေ မြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချခဲ့ရာယခုအချိန်အခါတွင် ဦးအောင်သိန်း ကွယ်လွန်ခဲ့သည့်အတွက် ဦးအောင်သိန်းမှသားဖြစ်သူ ယခုကြေညာသူ ဦးတင်စိုးအား ရောင်းချထားပြီးဖြစ်ပါသည်။

အဆိုပါ မြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးတင်စိုး တစ်ဦးတည်းသာလျှင် လက်ရှိနေထိုင်ပိုင်ဆိုင်ပြီး ယခုအချိန်အခါတွင် အထက်ဖော်ပြပါ မြေနှင့်ပတ်သက်၍ ဦးကျော်ငြိမ်း အမည် ပေါက်နေသော ဂရန်မြေမှာ (၂၃-၆-၂၀၂၁)ရက်တွင် ဂရန်သက်တမ်းကုန်ဆုံးသည့်အတွက် ဂရန်သက်တမ်းတိုး လျှောက်ထားမည်ဖြစ်သောကြောင့် ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက် အတွင်း တရားဝင်ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဦးတင်စိုးမှ မြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကိစ္စအရပ်ရပ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးတင်စိုး (ဘ) ဦးအောင်သိန်း**
**၉/ငဇန(နိုင်)၀၂၂၄၀၈**
**ကြေညာသူ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9K/4203 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၉ယ/၇၆၅၅၀, Honda Wave, M/C ယာဉ်လက်ဝယ်ရှိသူ မစုစုချို ၅/မရန(နိုင်)၂၅၁၅၅၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(မုံရွာ)မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၃ယ/၃၆၇၈ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စွာဝင်း ၇/ရတရ(နိုင်)၁၁၄၅၅၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၈ယ/၁၂၉၈၀ ယာဉ်လက်ဝယ် ရှိသူ ဒေါ်မာလာခိုင် ၁၀/ခဆန (နိုင်)၁၀၂၂၂၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်နှင့် ဒလမြို့နယ်ကို ဆက်သွယ်သော တံတားသစ်တွင် အသုံးပြုမည့် Detailed Structural Design of 3 Spans Continuqus Steel Arch (50m+ 150m+ 50m=250m) နှင့် Supervision for Erection of Steel Ach လုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၂၃-၆-၂၀၂၅ ရက်
၃။ **တင်ဒါပုံစံ အရောင်းပိတ်မည့်ရက်၊ အချိန်** - ၂-၇-၂၀၂၅ ရက်၊ (၁၄:၀၀) နာရီ
၄။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်၊ အချိန်** - ၄-၈-၂၀၂၅ ရက်၊ (၁၆:၀၀) နာရီ
၅။ **တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်** - ထပ်မံအကြောင်းကြားပါမည်။

၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ဖော်ပြပါဌာနသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်-

မှတ်ချက်။ တင်ဒါပုံစံဝယ်ယူခြင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ ရုံးအမှတ်(၁၁)၊ နေပြည်တော်သို့ လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါလျှောက်လွှာပုံစံကြေးအား မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်)၊ နေပြည်တော်ရှိ တံတားဦးစီးဌာန၏ MD-012939 သို့ ပေးသွင်းရမည် ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၄၀၇၅၁၄**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ အထက-ကျွဲဒုံး၊ Grade-11 မှ မဇူလိုင်နှင်း၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော်နိုင် ၁၄/မအပ(နိုင်)၁၇၇၉၄၂ ဖြစ်ပါကြောင်း။

**ဦးကျော်ကျော်နိုင်**

## မိခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ အထက-ကျွဲဒုံး၊ Grade-10မှ မစုမြတ်သဇင်ထွန်းနှင့် Grade-7မှ မခိုင်မြတ်သဇင်ထွန်း တို့၏ မိခင်အမည်မှန်မှာ ဒေါ်သန္တာဦး ၁၄/မအပ(နိုင်)၁၈၃၈၇၁ ဖြစ်ပါကြောင်း။

**ဒေါ်သန္တာဦး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် AYY/06292, Honda PCX-150, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းအေး ၁၄/ပသန(နိုင်)၂၄၇၂၇၀က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်နှင့် ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ

